# မောင်ကောင်းထိုက်ဟာသများ
## (လက်ရွေးစင်)

## တင်ဆက်သူများ

**Wyclef**
**deathmetalster**
**young**
**myanmarsexyboy**
**yadanarmg**
**Black_Xenon**
**Flame of Passion**
**Numb Kain**
**screwdriver**
နှင့် အခြားကျူးပစ်ဝိုင်းတော်သားများ

**အလစ်သမား**

ဂျာကင်တစ်ထည်ကို လက်တွင်ကိုင်လျက် လျှောက်လာသောလူငယ်ကို လူကြီးတစ်ယောက်ကမေးသည်။

“မောင်ရင့်လက်ထဲက ဂျာကင် အင်မတန်လှပါလား။

ဘယ်ဆိုင်ကဝယ်လာတာလဲ။”

“တစ်လမ်းကျော် မေဖလားဝါး စတိုးဆိုင်ကြီးက”

“ဝယ်နေတဲ့လူအများကြီးလား။”

“တစ်ယောက်မှမရှိဘူး။ အရောင်းစာရေးတောင်မရှိဘူး။”

**စုံထောက်ဝတ္ထု**

စာအုပ်ဆိုင်တွင်ဖြစ်သည်။

“ကျွန်မကို တစ်ချိန်လုံး သည်းထိတ်ရင်ဖို ဖြစ်ရတဲ့စုံထောက်ဝတ္ထုစာအုပ် တစ်အုပ် ရွေးပေးပါရှင်။”

“ဟုတ်ကဲ့၊ ဟောဒီစာအုပ်ကိုယူသွားပါ။ နောက်ဆုံး စာမျက်နှာကျမှ လူသတ်သမားဟာ အိမ်ဖော်မလေးဖြစ်ကြောင်း ပေါ်လာတယ်ရှင့်။”

**ကူညီပါ့မယ်**

ဟင်းသီးဟင်းရွက်သည်ကို အဘွားကြီးကပြောသည်။

“အာလူး ငါးပိဿာဝယ်မလို့ သမီးရယ်။ ဒါပေမယ့် မသယ်နိုင်မှာ စိုးတယ်ကွယ်။”

“မပူပါနဲ့ အဘွား။ အဘွား သယ်နိုင်အောင် ကျွန်မ ချိန်ပေးလိုက်ပါ့မယ်

**မထိုင်နဲ့လေ**

အိမ်ထောင်ပရိဘောဂဆိုင်သို့ လူကြီးတစ်ယောက် ဝင်လာပြီး ဆိုင်ရှင်ကို မကျေမနပ် ပြောသည်။
"မနေ့က ခင်ဗျားဆိုင်က ကျွန်တော် ကုလားထိုင်ဝယ်သွားတယ်။ ဒီနေ့ ကျိုးသွားပါပကောဗျ။"
"မဟုတ်မှလွဲရော၊ တစ်ယောက်ယောက် တက်ထိုင်လိုက်မိပြီ ထင်တယ်။"

**ဒီလောက်နဲ့ပဲကျေနပ်ပါ**

"မနေ့က ကျွန်တော် သန်းကြွယ်သူဌေးဖြစ်နည်း စာအုပ်ကို ဝယ်လိုက်တယ်။ အိမ်ရောက်လို့ ကြည့်လိုက်တော့မှ စာမျက်နှာ ထက်ဝက်ကို ဆုတ်ဖြဲထားတာ တွေ့ရတယ်။"

"စိတ်မကောင်း မဖြစ်ပါနဲ့။ ငါးသိန်းဆိုတဲ့ ငွေလည်းနည်းလားဗျ"

**ဈေးလျှော့ယူခြင်း**

လူငယ်တစ်ယောက် မိမိ အပ်ထားသော ဖိနပ်ကို လာရွေးသည်။
ဖိနပ်ပြင်သမားကပြောသည်။

"ပြင်ခ ၂၀၀ ကျပါတယ်"

"နည်းလှချည်လား၊ ကျွန်တော် လာအပ်တုန်းက လေးရာကျမယ်ဆို"

" ခင်ဗျားရဲ့ ဖိနပ်တစ်ဖက် ပျောက်သွားလို့ပါ။"

**ခေတ်သစ်ဂျင်မီနီ**

ယောက်ျားကြီးတစ်ယောက် ပုလင်းတစ်လုံးကို တွေ့သည်။ အဖုံးကို ဖွင့်လိုက်သည်။ အထဲမှ ဂျင်မီနီ ထွက်လာသည်။

"ဟော့၊ မင်း ဘယ်သူလဲ"

"ဂျင်မီနီပါ သခင်"

"လိုချင်တာ ရအောင် လုပ်ပေးနိုင်တယ်ဆိုတဲ့ ဂျင်မီနီလား"

"ဟုတ်ပါတယ် သခင်"

"အဲဒါဆို ငါ့ကို နိုင်ငံကူးလက်မှတ် ရအောင် လုပ်ပေး"

"ငွေတစ်သိန်း ပေးပါ။ ရပါစေ့မယ်"

**အမင်္ဂလာသတင်း**

မိတ်ဆွေတချို့နှင့်အတူ ကိုဘမောင် ကုန်ကူးရန် အညာသို့ တက်သွားသည်။ အညာတွင် နေထိုင်မကောင်းဖြစ်ပြီး ကိုဘမောင် ဆုံးသွားသည်။ ကိုဘမောင်၏ ဇနီးအား ဤအကြောင်းကို မည်သို့ ပြောရပါ့ဟု မိတ်ဆွေများ တိုင်ပင်ကြသည်။ တိုက်ရိုက်ကြီး ပြောလိုက်လျှင် ၄င်း၏ဇနီး ရင်ကွဲပက်လက် ဖြစ်နိုင်သည်ဟု သဘောတူညီကြသည်။ သို့နှင့် စကားကို အလိမ္မာဆုံးနှင့် အပြေပြစ်ဆုံး ပြောနိုင်သူ မောင်ကောင်းထိုက်ကို တာဝန်ပေးလိုက်ကြသည်။

မောင်ကောင်းထိုက် မော်လမြိုင်သို့ ရောက်သောအခါ ကိုဘမောင်၏ အိမ်ကိုရှာသည်။ တွေ့သည်။ အိမ်တံခါးကို ခေါက်လိုက်သည်။ ကိုဘမောင်၏ဇနီး တံခါးကို ဖွင့်ပေးသည်။ အမျိုးသမီးက မေးသည်။

"ဘာကိစ္စရှိလို့လဲ"

မောင်ကောင်းထိုက် ရုတ်တရက် ဘာပြောရမှန်းမသိ ဖြစ်သွားသည်။ ထို့နောက် အားတင်းပြီး ပြောသည်။

"ကိုဘမောင်နဲ့ ကျွန်တော်တို့ ကုန်ကူးဖို့ အညာကို တက်သွားတာ သိတယ်နော်"

"သိတယ်၊ အဲဒါ ဘာဖြစ်လဲ"

"ကျွန်တော်တို့ အမြတ်အစွန်း ကောင်းကောင်းကြီး ရလိုက်တယ်ဆိုတာကော သိသလား"

"သိတယ်၊ အဲဒါ ဘာဖြစ်လဲ"

“ပိုက်ဆံအားလုံး ကျွန်တော်တို့ အရက်သောက်ပစ်လိုက်လို့ ကုန်သွားတယ်။ ကိုဘမောင်လည်း ဒီအတိုင်းပဲ။ အဲဒါ ခင်ဗျား သိသလား”

ကိုဘမောင်ဇနီး ဒေါသတကြီး အော်သည်။

“သေချင်းဆိုး၊ သေသွားရင် ကောင်းတယ်”

မောင်ကောင်းထိုက် စိတ်သက်သာရာရသွားဟန်ဖြင့် သက်ပြင်းကို မှုတ်ထုတ်လိုက်ပြီးပြောသည်။

“ဟုတ်ကဲ့၊ သေသွားပါပြီ”

**ပိုမတောင်းနဲ့**

စကော့တလန်သားက သားဖြစ်သူ တက္ကသိုလ်ကျောင်းသားထံ စာရေးသည်။

“သား၊ မင်းတောင်းတဲ့ ပိုက်ဆံ စတာလင်ပေါင် ၂၀ စာအိတ်ထဲ ထည့်ပေးလိုက်တယ်။ စကားမစပ် ၂၀ ဆိုတဲ့ ဂဏန်းကို ရေးတဲ့အခါမှာ သုညတစ်လုံးပဲ ပါရတယ်။ နှစ်လုံး မဟုတ်ဘူး။ အဲဒါ တစ်သက်လုံး မှတ်ထား၊ ကြားလား”

**ဂယောင်ချောက်ချား**

ဘဝတစ်ပါးသို့ ပြောင်းတော့မည့် စကော့တလန်သားက ၄င်း၏ဇနီးကို မှာနေသည်။
“တို့ရဲ့အိမ်နီးချင်း ဂျွန်ဆီက ပေါင် ၅၀ အကြွေး ရစရာ ရှိတယ်၊ မမေ့နဲ့”
“မမေ့ပါဘူးရှင်”
“မစ္စတာစမစ်ကိုတော့ တို့ ၅ ပေါင် ပေးစရာရှိတယ်”
မိန်းမဖြစ်သူ သက်ပြင်းချပြီး ပြောသည်။
“ဂယောင်ချောက်ချားတွေ ပြောနေပြန်ပါပြီ”

**ကယ်တင်ရှင်**

ဆေးဆိုင်ရောင်းစာရေးမ ဆိုင်မန်နေဂျာထံ ပြေးလာပြီး ပြောသည်။

"အစ်ကိုကြီး၊ စကော့တလန်သားတစ်ယောက် ၇ ဆင့်တန်အဆိပ်ရောင်းပါလို့ ပြောနေတယ်ရှင့်"

"ဟေ၊ ဟုတ်လား၊ သူ့ကို ကယ်ဖို့လိုတယ်။ ၇ ဆင့်တန် မရှိဘူး။ ၁၀ ဆင့်တန်ပဲ ရှိတယ်လို့ ပြောလိုက်"

**နောက်ဆုံးပေါ်အိမ်သာသုံးစက္ကူ**

ကမ္ဘာ့အကောင်းဆုံး အိမ်သာသုံးစက္ကူပြိုင်ပွဲ ကျင်းပသည်။
အမေရိကန် ကိုယ်စားလှယ်က ခလုတ်ကို နှိပ်လိုက်သည်။
စက္ကူလိပ် အလိုအလျောက် လည်လာပြီး လိုသလောက် ဖြတ်ပေးသည်။
ပရိသတ်အားလုံး အံ့သြတကြီး လက်ခုပ်တီး သြဘာပေးကြသည်။

ပြင်သစ်ကိုယ်စားလှယ်က မိမိနိုင်ငံထုတ်စက္ကူကို ပြသည်။ စက္ကူသည် Channel No. 5 ရေမွှေးကဲ့သို့ သင်းပျံ့ထုံကြိုင် နေသည်။ ပရိသတ်များ အလုအယက် နမူနာ တောင်းကြသည်။

ဂျပန်နိုင်ငံမှ ကိုယ်စားလှယ် စင်မြင့်ပေါ်မှ ဆင်းလာပြီး အကဲဖြတ် ဒိုင်လူကြီးများကို ဆေးပြားတစ်ပြားစီ ပေးသည်။ ဒိုင်လူကြီးများ နေရာမှ ထသွားကြသည်။ ခဏကြာသော် ပြန်ရောက်လာကြသည်။ အားလုံးက ဝိုင်းမေးကြသည်။

"ဘယ်လိုလဲ၊ ဘယ်နှယ့်လဲဟင်"

"ထုပ်ပိုးပြီးသား အိတ်ကလေးနဲ့ ပြန်ထွက်လာတယ်။ အံ့ရော"

**သတိပေးပါရစေ**

အောက်ပါပုဂ္ဂိုလ်များကို ဟာသ မပြောသင့်သည့် အကြောင်းရင်း။

၁။ ချူချာ – ဘာ ဟာသကိုမှ နားမလည်။
၂။ နီဂရိုး – အကုန်လုံး နားလည်သည်။ သို့သော် တစ်မျိုး သဘောပေါက်သည်။
၃။ ရုရှား – သူ့ဆီမှာ မူကွဲ အမြဲတမ်း ရှိသည်။

**တတ်ရဲ့သားနဲ့**

ဂျော်ဂျီယာပြည်နယ်မြို့တော် တဘီလီစီမြို့တွင်းသို့ ရုရှား တစ်ယောက် ကားမောင်းပြီး ဝင်လာသည်။ ယာဉ်ထိန်းရဲက ကားကိုတားပြီး ပြောသည်။

"ခင်ဗျား သတ်မှတ်မိုင်နှုန်းထက် ပိုပြီး မောင်းလာတယ်။ ဘာကြောင့်လဲဆိုတာ ဂျော်ဂျီယာဘာသာနဲ့ ရှင်းလင်းချက် ရေးပါ။"

"ကျွန်တော် ဂျော်ဂျီယာစာမှ နားမလည်ဘဲ၊ ဘယ်လိုလုပ် ရေးရမှာလဲ။"

"ဆင်ခြေမပေးနဲ့၊ ဂျော်ဂျီယာဘာသာနဲ့ ရှင်းလင်းချက်ရေး၊ ဒါပဲ။"

ကားဆရာ ရုရှား စိတ်ညစ်သွားသည်။ မည်သို့မျှ ရှင်းပြ၍လည်း မရ။ နောက်ဆုံးတွင် ရုရှားသည် စာရွက်တစ်ရွက်ကို ထုတ်ပြီး ဒေါ်လာ ၅၀ တန်တစ်ရွက်ကို ညှပ်ထည့်လိုက်သည်။ ထို့နောက် ယာဉ်ထိန်းရဲကို ကမ်းပေးသည်။ ယာဉ်ထိန်းရဲ စာရွက်ကို ဖြန့်လိုက်သည်။ ငွေစက္ကူကိုတွေ့သောအခါ ကားဆရာကို ပြောသည်။

"ဂျော်ဂျီယာလို မတတ်ဘူးလို့ ဘာဖြစ်လို့ ပြောလဲ။ အခု တစ်ဝက်တောင် ရေးပြီးပြီပဲ။ ဆက်ရေး"

(လက်စသတ်တော့ ဂျော်ဂျီယာ စကားနဲ့ မြန်မာ စကား အတူတူပါပဲလားနော်)

**အကြံပေးခ**

မော်စကို–တဘီလီစီ ရထားပေါ်တွင်ဖြစ်သည်။
အိပ်ခန်းတွဲ၏ နှစ်ယောက်ခန်းတွင် ရုရှားနှင့် ဂျော်ဂျီယာသားတို့ လိုက်ပါလာကြသည်။ ရထားခုတ်မောင်းနေသည်မှာ နှစ်နာရီတိတိ ကြာသွားပြီ ဖြစ်သည်။ ပျင်းရိငြီးငွေ့ဖွယ် ကောင်းလှသည်နှင့် ဂျော်ဂျီယာသားက စကားစသည်။

“ပျင်းလှတယ်ဗျာ။ ခင်ဗျားနဲ့ ကျွန်တော် စကားထာဝှက်တမ်း
ကစားကြရအောင်လား။ မှန်တဲ့အဖြေတိုင်းအတွက် ငွေငါးဆယ် ပေးကြေး။
ဘယ်နှယ့်လဲ”

“စိမ်လိုက်”

“ကိုင်း၊ ကျွန်တော် စ ဝှက်မယ်။ ကျွန်တော် ဘယ်ကလာတာလဲ”

“မော်စကိုက”

“မှန်တယ်၊ ရော့ ရှူဘယ် ၅၀။ အခုကျွန်တော် ဘယ်ကိုသွားမယ်ထင်လဲ”

“တဘီစီလီကို”

“မှန်တယ်၊ ရော့ ရှူဘယ် ၅၀။ ဘယ်သူ့ဆီသွားမယ် ထင်လဲ”

“ခင်ဗျား မိန်းမဆီကို”

“မှန်တယ်၊ ရော့ ရှူဘယ် ၅၀။ ဘာအတွက် သွားမယ်ထင်လဲ”
ရုရှား အနည်းငယ် စဉ်းစားပြီး ပြောသည်။

“မိန်းမနဲ့ ကွာရှင်းမလို့”

“ရော့ ရှူဘယ် ၅၀၀”

“ဘာဖြစ်လို့ ၅၀၀ ပေးရတာလဲ”

“ခင်ဗျားပေးတဲ့ အကြံကောင်းလို့”

## လူစကား

လူစကားပြောတတ်သော ကြက်တူရွေးကို မိန်းမကြီး ဝယ်လာသည်။ အိမ်သို့ ရောက်ရောက်ချင်း ကြက်တူရွေးကို ပြောသည်။
"ငါပြောတဲ့အတိုင်း လိုက်ပြောစမ်း။ ကျွန်ုပ်သည် လူဖြစ်သည်။ လူစကားကို ပြောတတ်သည်လို့"
ကြက်တူရွေးက အံ့သြတကြီး ပြန်မေးသည်။
"ဘာ ဘာ။ ခင်ဗျားလည်း လူစကား ပြောတတ်တယ် ဟုတ်လား"

## သတ္တဗေဒသင်ခန်းစာ

"ဆရာမ၊ ရေမြင်းဆိုတာ ဘာလဲဟင်"
"ရှူးသွပ်နေတဲ့ငါး"
"အဲဒါဆို ဘာဖြစ်လို့ သူ ကုန်းပေါ်မှာနေလဲ"
"ဆရာမ ပြောပြီးပါပကော၊ ရူးနေပါတယ်လို့"

## လူကြီးလူကောင်း

အင်္ဂလိပ်၊ ပြင်သစ်နှင့် ရုရှားကို ခေါင်းသုံးလုံးပါသော နဂါးကြီး ဖမ်းမိပြီး ပြောသည်။
"မင်းတို့ကို ငါ အခု စားမယ်။ မစားခင် မင်းတို့ကို အခွင့်အရေးတစ်ခု ပေးမယ်။ ဆိုပါစို့။ အလုပ်ကနေ အချိန်စောပြီး မင်းတို့ အိမ်ကို ပြန်ရောက်လာတယ်။ အိပ်ရာထဲ မှာ မင်းမိန်းမနဲ့ လင်ငယ်ကို ပက်ပင်းတွေ့တယ်။ မင်းတို့ ဘာလုပ်မလဲ။ မင်းတို့ ပေးတဲ့ အဖြေကြောင့် ငါ့ခေါင်းသုံးလုံးစလုံး ရယ်တယ်ဆိုရင် အဲဒီအဖြေပေးတဲ့လူကို မစားဘဲ လွှတ်ပေးမယ်။ သဘောပေါက်ကြရဲ့လား"
"သဘောပေါက်ပါတယ်"

ပထမဦးဆုံး အင်္ဂလိပ် ထွက်လာပြီး ပြောသည်။
"ကျွန်တော်က လူကြီးလူကောင်းပီပီ ဆူညံဆူညံ ဘာမှ မလုပ်ချင်ဘူး။ သူငယ်ချင်း၊ နည်းနည်းရွှေ့စမ်း၊ ငါလည်းလှဲချင်တယ် လို့ပြောလိုက်မယ်"

နဂါး ခေါင်းတစ်လုံးပဲ ရယ်သည်။
ပြင်သစ်က ပြောသည်။
"ကျွန်တော်ကလည်း လူကြီးလူကောင်းပီပီ ဘာမှမပြောဘဲ အိမ်ပြင်ကို ထွက်မယ်။ ကျွန်တော့်မယားငယ်ကို အိမ်ခေါ်လာပြီး စောစောက စုံတွဲ အနားမှာ လှဲလိုက်မယ်"

နဂါးခေါင်းနှစ်လုံး ရယ်သည်။
ရုရှား အီဗန် ထွက်လာသည်။ စုပေါင်းလယ်ယာလုပ်သား ဖြစ်၍ တစ်ကိုယ်လုံး ညစ်ပတ် ပေရေနေသည်။ ခေါင်းပေါ်က ဆောင်းဦးထုပ်သည် အရောင်ပင် မပေါ်တော့၊ ၎င်းကပြောသည်။
"ကျွန်တော်က လူကြီးလူကောင်း မဟုတ်လား။ အဲဒီတော့..."
ဤစကားကို ကြားသည်နှင့် နဂါး ခေါင်းသုံးလုံးစလုံး အားရပါးရရယ်လေသည်။

## ကြိုးစားကြည့်လေ

ဆရာကမေးသည်။
"ငါးတွေ ဘာဖြစ်လို့ စကား မပြောသလဲ"
ပီတာလေး ချက်ချင်းပြန်ဖြေသည်။
"ရေထဲမှာ ဆရာ စကားပြောကြည့်ပါလား"

## သက်သေ

အတန်းထဲတွင်ဖြစ်သည်။ ဆရာမက မေးသည်။
"ငါးလိပ်ကျောက်ဟာ ဘာဖြစ်လို့ ပြားပြားကြီး ဖြစ်နေရတာလဲ"
ပီတာလေး လက်ညှိုးထောင်ပြီး ဖြေသည်။
"ဝေလငါးနဲ့ အိပ်လို့"
"ပီတာ၊ အခန်းထဲက ချက်ချင်း ထွက်သွားစမ်း"
ဤသို့ အမိန့်ပေးပြီး ဆရာမက ဆက်မေးသည်။
"ကျောက်ပုဇွန်ရဲ့ မျက်လုံးတွေ ဘာဖြစ်လို့ ပြူးထွက်နေရတာလဲ၊ ဘယ်သူ သိကြသလဲကွယ်"
ပီတာလေး နောက်ပြန်လှည့်ပြီး အော်ပြောသည်။
"ဒါတွေအားလုံးကို သူမြင်မိလိုက်လို့"

## အဖြေမှန်

ဇီဝဗေဒဘာသာရပ်ကို သင်ကြားနေချိန်တွင် ဖြစ်သည်။
ဆရာကတပည့်များကို ပြောသည်။
"တပည့်တို့ကို ဆရာ စကားထာတစ်ခုဖွက်မယ်။ သေသေချာချာ နားထောင်ကြ"
"မိကျောင်းနှစ်ကောင် ပျံသွားကြတယ်။ တစ်ကောင်က အစိမ်းရောင်၊ နောက်တစ်ကောင်က အာဖရိကတိုက်ဘက်ကို ဦးတည်ပျံသွားတယ်၊ ဆရာ့အသက် ဘယ်လောက်လဲ"
ကျောင်းသားအားလုံး ငြိမ်နေကြသည်။
နောက်ဆုံးခုံတွင် ထိုင်နေသော ပီတာလေးက ပြောသည်။
"ဆရာ့အသက် ၂၄ နှစ်"
"မှန်တယ်၊ မင်းတော်တယ်။ ဒါနဲ့မင်း ဘယ်လိုလုပ် သိသလဲ"
"ကျွန်တော့အသက် ၁၂ နှစ်ရှိပြီ။ ပြီးတော့ ကျွန်တော့ကို ဦးနှောက်တစ်ဝက် ချောင်နေတဲ့ကောင်လို့ အားလုံးက ပြောကြတယ်လေ"

## တွေ့အောင်ရှာမယ်

တိရစ္ဆာန်ရုံမှ ဆင်ပျောက်သွားသဖြင့် တရစ္ဆာန်ရုံ အုပ်ချုပ်ရေးမှူးက ရဲစခန်းသို့ ဖုန်းဆက်တိုင်ကြားသည်။ စခန်းမှူးက ပြန်ပြောသည်။

"စိတ်ချပါ၊ ကျွန်တော်တို့ တွေ့အောင် ရှာပေးပါ့မယ်။ ဒါနဲ့ ဆင်ရဲ့ပုံပန်းသဏ္ဌာန်ကို ပြောပြပါ"

**အိပ်မပျော်သောည**

တည်းခိုခန်းပိုင်ရှင်က ဧည့်သည်ကို မေးသည်။
"ညက ကောင်းကောင်း အိပ်ရရဲ့လား ခင်ဗျာ"
"မမေးရင် ပိုကောင်းမယ်၊ အိပ်ရာထဲမှာ ကြမ်းပိုး အသေတစ်ကောင်ကို တွေ့ရတယ်။"
"အသေတစ်ကောင်လောက်နဲ့ ဒီလောက်တောင် စိတ်နှောင့်အယှက် ဖြစ်ရသလားဗျာ"
"အသုဘလိုက်ပို့တဲ့ သူ့ဆွေမျိုးသားချင်းတွေကို မြင်ရင် ခင်ဗျား ဒီစကားမျိုး ပြောမှာ မဟုတ်ဘူး၊ ဟင်း"

**မသွားနဲ့**

ပင်လယ်ကမ်းစပ် ရေကူးဆိပ်မှ ခြင်တစ်ကောင်ပျံလာသည်။
မျက်နှာချင်းဆိုင်ဘက်မှ ယင်တစ်ကောင် ပျံလာသည်ကို တွေ့ရာ ခြင်က လှမ်းမေးသည်။
"ဟေ့ ယင်ကောင်၊ မင်းဘယ်သွားမလို့လဲ"
"ရေကူးဆိပ်ကို"
"ဟေ့၊ အဲဒီဘက်ကို မသွားလေနဲ့၊ ဆင် သူ့ရေကူးဘောင်းဘီ ပျောက်လို့ဆိုပြီး ပိုက်စိပ်တိုက် လိုက်ရှာနေတယ်၊ ငါတောင် သုံးခါတိတိ အရှာခံလိုက်ရတယ်"

**နှင်းပါ**

"အက်စကီးမိုးတွေ သူတို့ရဲ့ သားသမီးတွေကို လမ်းလျှောက်တတ်တာနဲ့ ဘာစသင်သလဲ"

"အဝါရောင် နှင်းဖတ်တွေကို မစားရဘူး၊ မစားနဲ့ လို့ပြောတယ်"

## နောင်တ

"လက်မထပ်ခင်တုန်းက ငါ့မိန်းမကို ငါ ဘယ်လောက်ချစ်သလဲဆိုရင်
တစ်ခါတလေ သူ့ကို ကိုက်စားချင်စိတ်တောင် ပေါ်မိတယ်"
"အခုကော"
"မစားလိုက်မိတာ မှားလေခြင်းလို့ နောင်တရတယ်"

## သတိရတိုင်း

အဘိုးကြီးနှင့် အဘွားကြီး လင်မယား ညစာစားနေကြသည်။ အဘွားကြီး
အာလူးကြော်ကို ဒယ်အိုးနှင့်အတူ အဘိုးကြီးရှေ့တွင် ချပေးသည်။ အာလူးကြော်ကို
အဘိုးကြီးက ခက်ရင်းနှင့် ထိုးဆွရင်း ဘာမပြော ညာမပြော ဒယ်အိုးကိုဆွဲပြီး
အဘွားကြီး၏ နဖူးကို ထုလိုက်သည်။ နဖူးကိုပွတ်ရင်း အဘွားကြီးက ပြောသည်။

"ရှင်ဘာဖြစ်တာလဲ၊ ရူးသွားတာလား"

"မရူးဘူးဟေ့၊ မရူးဘူး၊ အပျိုစင် မဟုတ်တဲ့ အမျိုးသမီးကို ငါ
ယူလိုက်မိတယ်ဆိုတာ သတိရတိုင်း စားချင်စိတ် ကုန်သွားလို့ဟေ့"

## ဘယ်အချိန်လာရမလဲ

ဈေးမဝယ်ဖူးသော အမျိုးသားတစ်ယောက် ဈေးဝယ်ထွက်လာသည်။
အမျိုးသား– အမကြီး ခရမ်းသီးတစ်လုံးဘယ်လောက်လဲ
ဈေးသည် – မောင်လေး ခရမ်းသီးက အချိန်နဲ့ရောင်းတာကွဲ
အမျိုးသား – အဲ့ဒါဆို ကျွန်တော် ဘယ်အချိန်လာဝယ်ရမလဲ

## အရက်ပဲသောက်မယ်

အမြင့်ပေတစ်သောင်းကို ရောက်လာမှ လေယာဉ်ပေါ် လိုက်ပါလာသော ခရီးသည်
တစ်ရာအနက် လေးဆယ်အတွက်သာ ကျွေးစရာ အစာယူလာကြောင်း
သိလိုက်ရသဖြင့် လေယာဉ်မယ်က မိုက်ကရိုဖုန်းမှ တစ်ဆင့် ကြေငြာသည်။
"လေးစားအပ်တဲ့ ခရီးသည်များရှင်၊ တခြား ခရီးသည်တွေ စားပါစေဆိုတဲ့
စေတနာနဲ့ ကိုယ့်နေ့လည်စာကို စွန့်လွှတ်တဲ့ခရီးသည်ကို ခရီးစဉ်တစ်လျှောက်လုံး
အခမဲ့ ကြိုက်ရာအရက်ကို တိုက်မှာ ဖြစ်ပါတယ်ရှင်"
နောက်တစ်နာရီခန့် အကြာတွင် မိုက်ကရိုဖုန်းမှ အသံမြည်လာပြန်သည်။
"ခရီးသည်တွေထဲက စိတ်ပြောင်းတဲ့သူများ ရှိမယ်ဆိုရင် လူ ၃၀–စာ ကျွေးစရာ
ကျန်ပါသေးကြောင်း သတင်းကောင်း ပါးအပ်ပါတယ်ရှင်"

## နိုင်ငံတကာပြိုင်ပွဲ

ကမ္ဘာ့တပ်မတော်များအကြား ပေါင်မုန့်စား ပြိုင်ပွဲတစ်ခု ကျင်းပသည်။
တစ်ကြိမ်တည်းနှင့် မည်သည့်တပ်မတော်သားက အများဆုံး စားနိုင်သနည်း
ဆိုသည်ကို ဖော်ထုတ်မည့်ပွဲဖြစ်သည်။
ပထမဆုံး ဗလကောင်းသော အမေရိကန်စစ်သား ထွက်လာသည်။
ပေါင်မုန့်နှစ်လုံးကို စားလိုက်သည်။ နောက်ထပ် မစားနိုင်တော့။
ပြင်သစ်စစ်သား ထွက်လာသည်။ ပေါင်မုန့် နှစ်လုံးခွဲ စားလိုက်သည်။
နောက်ထပ်မစားနိုင်။
ဂျာမန်စစ်သား အလှည့်ရောက်လာသည်။ ပေါင်မုန့်လေးလုံး ကုန်အောင်
စားပြသည်။ သို့သော် နောက်ထပ် မစားနိုင်။
ရုရှားစစ်သား ထွက်လာသည်။ တစ်လုံးကုန်အောင် မပြောနှင့်၊ လေးပုံတစ်ပုံကိုပင်
အနိုင်နိုင် စားရသည်။
၄င်းစစ်သားကို ပြိုင်ပွဲဝင်ရန်အတွက် ရွေးချယ်စေလွှတ်လိုက်သည့်
တာဝန်ခံအရာရှိအား ရုရှားကာကွယ်ရေးဝန်ကြီး ဆင့်ခေါ်ပြီး ကြိမ်းသည်။
"ဘယ်လိုကောင်မျိုးကို မင်း ရွေးလွှတ်လိုက်တာလဲကွ ဟေ၊ ငါလို
အသက်ကြီးတဲ့လူတောင် ကြိုးစား စားရင် ပေါင်မုန့်တစ်လုံးတော့ ကုန်အောင်
စားနိုင်ပါတယ်ကွ"
တာဝန်ခံဗိုလ်မှူးက ပြန်ပြောသည်။
"တပ်သား အီဗန်နော့ အခုလို ဖြစ်သွားတာနဲ့ ပတ်သက်ပြီး ကျွန်တော်တို့လည်း
မစဉ်စားတတ်အောင် ဖြစ်ရပါတယ်။ ပြိုင်ပွဲ မစမီ ၁၀ မိနစ် အလိုမှာ ကျွန်တော်တို့
သူ့ကို ကြိုတင် လေ့ကျင့်ခိုင်းတုန်းကတောင် တစ်ခါတည်းနဲ့ ၁၂ လုံးကုန်အောင်
စားပြလိုက်သေးတယ် ခင်ဗျ"

**အရုပ်ဆိုးလို့ဖြစ်မှာပေါ့**

အစာငတ်မွတ်ခြင်းနှင့် လိင်စိတ်ကြွမှု နှစ်ခုအနက် မည်သည်က ပို၍ အားကြီးသနည်းဆိုသည်ကို သိပ္ပံပညာရှင်များ လက်တွေ့စမ်းသပ်ခြင်းဖြင့် ဖော်ထုတ်ရန် ဆုံးဖြတ်လိုက်ကြသည်။
လူဝံ အထီးတစ်ကောင်ကို တစ်လတိတိ အစာ မကျွေးဘဲ ထားသည်။ လူဝံမများဆီလည်း သွားခွင့်မပြုချေ။ ထို့နောက် ကြိုးဝိုင်းစင်တစ်ခုကို ဆောက်ပြီး ထောင့်တစ်နေရာတွင် လူဝံ အထီးကို ထားလိုက်သည်။ နောက်တစ်ထောင့်တွင် လူဝံအမကို ထားသည်။ နောက်ထောင့်တစ်ခုတွင်မူ အစာကို ချထားသည်။
လူဝံအထီးသည် လူဝံမကို ကြည့်သည်။ ထို့နောက် အစာရှိရာဘက်သို့ သွားပြီး အစာကို အားရပါးရ စားသည်။
လက်တွေ့စမ်းသပ်မှုကို ထပ်လုပ်သည်။ စောစောက အတိုင်း လူဝံအထီးသည် ဆန့်ကျင်ဘက်လိင်ထက် အစာကို ပိုမက်ကြောင်း တွေ့ရသည်။
ဤစမ်းသပ်ချက်နှင့် ပတ်သက်ပြီး ပညာရှင်များ ဆောင်းပါးတစ်စောင်ရေးပြီး နာမည်ကြီး သိပ္ပံဂျာနယ်သို့ ပေးပို့လိုက်သည်။
မကြာမီ ဂျာနယ်အယ်ဒီတာထံမှ မှတ်ချက်နှင့်အတူ ပြန်စာရောက်လာသည်။ မှတ်ချက်မှာ ဤသို့ဖြစ်သည်။
"နောက်လူဝံမတစ်ကောင် ထားပြီး စမ်းသပ်ကြည့်ပါဦး"

**လဲပေးမယ်**

စားသောက်ဆိုင်တွင်ဖြစ်သည်။
"ခင်ဗျားတို့ဆိုင်က ကြက်ကင်က မာလှချည်လားဗျ"
"အဲဒါဆို ဘဲကင်နဲ့ လဲပေးရမလား ခင်ဗျာ"
"ဒါပေမယ့် ကြက်ကင်ကို ကျွန်တော် ကိုက်လိုက်မိပြီခင်ဗျ"
"ကိစ္စမရှိပါဘူး။ ဘဲကင်ကလည်း ကိုက်ထားပြီးသားပါ"

**မစားဘူး**

"ခင်ဗျား ချပေးတဲ့ အစိမ်းကြော်က သိုးနံ့ရနေပါလား၊ ကျုပ်မစားနိုင်ဘူး၊ စားဖိုမှူးကို ခေါ်ပေးပါ"
"ခေါ်လို့လည်း အပိုပါပဲ ခင်ဗျာ၊ သူလည်း စားမှာ မဟုတ်ပါဘူး"

**ဘာမှမရှိဘူး**

လူတစ်ယောက် စားသောက်ဆိုင်သို့ ဝင်လာပြီး စားပွဲထိုးကို မေးသည်။
"ခင်ဗျားတို့ဆီမှာ ငါးဟင်းရသလား"
"မရပါဘူး"
"အမဲနှပ်ရော"
"မရှိပါဘူး"
"ဟင်းသီးဟင်းရွက်ကြော်ကော"
"အဲဒါလည်း မရှိပါဘူး"
ယောကျ်ားကြီး စိတ်ပျက်ပြီး ဆိုင်ထဲမှထွက်သည်။ နောက်မှ စားပွဲထိုး ပြေးလိုက်လာပြီး အော်ပြောသည်။
"ကျွန်တော်တစ်ခု ပြောဖို့ မေ့သွားပါတယ်။ ကျွန်တော်တို့ဆိုင်မှာ ဝက်သားဟင်းလဲ မရပါဘူး"

**အကြံကောင်း**

အရက်ဆိုင်ပိုင်ရှင်ကို ဧည့်သည်က ပြောသည်။
"ခင်ဗျားဆိုင်က တစ်နေ့တစ်နေ့မှာ စည်ဘီယာ ဘယ်နှစ်လီတာ ရောင်းရသလဲ"
"လီတာ ၂၀၀ လောက်ပါ"
"တစ်နေ့ကို လီတာ ၃၀၀ လောက် မရောင်းရချင်ဘူးလား"
"ရောင်းချင်တာပေါ့ခင်ဗျာ၊ နည်းရှိရင် မစပါလား"
"ဖန်ခွက်ထဲကို ဘီယာ အပြည့်ထည့်"

**မကာန်းဘူး**

အရက်ဘားထဲသို့ ကောင်းဘွိုင်တစ်ယောက် ဝင်လာသည်။ အသက်ကြီးပြီဖြစ်သော စားပွဲထိုးကမေးသည်။
"ဘာသုံးဆောင်မလဲ"
"ဝီစကီသုံးပက် ပေးပါ"
အဘိုးကြီး ထုံးစံအတိုင်း အရက်ကို လျှော့ထည့်သည်။

"အဘိုးကြီး၊ ဘာလဲ၊ ပက်ခိုးချင်ပြန်ပြီလား။
"မဟုတ်ပါဘူး၊ အသက်ကြီးတော့ မျက်စိက မကောင်းတော့လို့ပါ"
"အဲဒါဆို ခွက်လျှံအောင် ထည့်လိုက်ပါတော့လား"
"အဲဒီလောက်အထိလည်း မကန်းသေးဘူးလေ"

**ဇိုးသမား ဝိုးတဝါး**

မော်စကိုမြို့၏ အေးမြသော ဆောင်းညတစ်ညတွင် ဇိုးသမားနှစ်ယောက် တစ်ယောက်ပခုံးတစ်ယောက်ဖက်ကာ လျှောက်လာကြသည်။ နှစ်ယောက်လုံး သောက်ထားတာ များလွန်းသောကြောင့် စကားပြောရာပင် လျှာလေး အာလေး ဖြစ်ကုန်ပြီ။ လမ်းတွင် တစ်ယောက်က ပြောသည်။

'ဟေ့ကောင်၊ ငါအပေ့ါသွားချင်လို့ ငါ့ကို တည့်တည့်လေး နေနိုင်အောင်ကူညီစမ်းပါ။'
'အေး..'

အပေ့ါသွားမည့်သူအား ကျန်တစ်ယောက်မှ ဘောင်းဘီဇစ်ကိုဖွင့်ပြီး တည့်မတ်ပေးရန် ကြိုးစားသည်။ သို့သော် လက်ချော်ကာ အကျႌ အိတ်ထောင်ထဲသို့ သွားနှိုက်မိလေသည်။ ထိုအခါ အိတ်ထောင်ထဲတွင် အမြည်းစားရန် ထည့်ထားသည့် သခွားချဉ်ကို ဆွဲထုတ်မိလေသည်....။ ဆွဲထုတ်လိုက်သည့်သူက တုန်တုန်ယင်ယင်ဖြင့်...

'ဟေ့ကောင်၊ မင်းဟာကို ငါဆွဲဖြုတ်မိလိုက်ပြီထင်တယ်။'
'အေး၊ဖြစ်နိုင်တယ့် ဒါကြောင့်မို့ ငါ့ခြေထောက်နှစ်ဖက်လုံးမှာ သွေးတွေ ဒလဟော စီးကျနေတာကိုး။'

**<u>ငါဘယ်သူလဲ</u>**

လင်မယား နှစ်ယောက်သား အိပ်ပျော်နေကြသည်။ ရုတ်တရက် အိမ်ရှေ့မှ လူခေါ်ခေါင်းလောင်း ရုတ်တရက်ဆိုသလို အဆက်မပြတ် မြည်သံများ ထွက်ပေါ်လာသည်။ မိန်းမလုပ်သူက ဘေးတွင်အိပ်နေသော ယောကျ်ားအား ကပျာကယာ ...

‘ ရှင်သွားတော့။ မြန်မြန်၊မြန်မြန်။ ကျွန်မယောက်ျား ပြန်ရောက်လာပြီရှင့်။ ဟော့ဒီ ပြတင်းပေါက်က ခုန်ထွက်သွားလိုက်စမ်းပါ။’

ယောက်ျားလည်း အိပ်မှုံစုံမွှားဖြင့် ပြတင်းပေါက်မှ အပြင်သို့ ခုန်ထွက်လိုက်သည်.. အောက်ပြုတ်ကျရာ လမ်းတစ်လျှောက်တွင် မိမိဘာသာ စဉ်းစားသည်။
‘ ငါဘယ်သူလဲကွ။ ’

## လျှို့ဝှက်ချက်

ပီတာလေးအား ကျောင်းတွင် ဆရာမက လူကြီးများတွင် လျှို့ဝှက်ချက်များ ကိုယ်စီရှိသည်ဟု ပြောသည်။ ပီတာလေး အိမ်ပြန်ရောက်လာသည်။
မီးဖိုချောင်ထဲတွင် ညနေစာ ချက်ပြုတ်နေသော အမေကိုတွေ့သည်နှင့် ‘အမေ၊ ကျွန်တော် အမေ့လျှို့ဝှက်ချက်ကို သိပြီဗျ။’ ဟုပြောသည်။ အမေလုပ်သူသည် မျက်လုံးပြူး မျက်ဆံပြူးနှင့် ‘ ဟဲ့၊ ဘယ်သူ့မှ လျှောက်မပြောနဲ့နော်။ ဒီမှာ မုန့်ဖိုး ဒေါ်လာ ၁၀။ သွား.. မုန့်ဝယ်စားချည်။’

ပီတာလေး အိမ်ရှေ့သို့ ထွက်လာသည်။ သတင်းစာဖတ်နေသော အဖေကို တွေ့သည်။ စောနကအတိုင်းပင်ပြောလိုက်ရာ ဒေါ်လာ ၁၀ ထပ်ရလေသည်။

ထို့နောက် ပီတာလေး ဒေါ်လာ ၂၀ဖြင့် မုန့်ဝယ်စားရန် အပြင်သို့ထွက်လာသည်။ လမ်းတွင် ရေခဲမုန့်ရောင်းသော လူကြီးကို တွေ့သည်နှင့်

‘ဦးလေးကြီး၊ ကျွန်တော် လျှို့ဝှက်ချက်ကို သိပြီဗျ။’ ဟုပြောလိုက်လေသည်။ ထိုအခါ ရေခဲမုန့်သည်က

‘အောင်မလေး သားရဲ့။ ဖေဖေကြီးကို တစ်ချက်လောက် လာဖက်လှည့်ပါဦး။’

## မသွားနဲ့

နေသာသော နေ့တစ်နေ့တွင် ယင်ကောင်တစ်ကောင် ပင်လယ်ကမ်းခြေဆီသို့ ဦးတည်ကာ ပျံသန်းလာသည်။ လမ်းတွင် ခြင်နှင့်တွေ့သည်။
‘ဘယ်သွားမလို့လဲ’ ခြင်ကမေးသည်။
‘ကမ်းခြေဖက်သွားမလားလို့ဗျာ။ ဒီနေ့ နေသာတယ်မလား။’
‘မသွားနဲ့ ဟိုမှာ ဆင်က သူ့ရေကူးဘောင်းဘီပျောက်လို့ ပိုက်စိပ်တိုက် ရှာနေတယ်။ ငါတောင် နှစ်ခါတိတိ အရှာခံလာခဲ့ပြီးပြီ။’

## မိုးလေဝသ ခန့်မှန်းချက်

တစ်နေ့ ကိုချူချာသည် ပရောဂဆရာအား 'ဆရာ ခင်ဗျား။ ဒီနှစ်ဆောင်းတွင်း အေးမည်ထင်ပါလား။' ဟုမေးသည်။

ပရောဂဆရာ စဉ်းစားသည်။
အင်း.. ဒီဆောင်းတွင်း မအေးဘူး၊ ပူမယ်လို့ ငါပြောလိုက်ရင် ချူချာ ထင်းတွေစုတော့မှာ မဟုတ်ဘူး။ ဒါဆို ဆောင်းတစ်ခုလုံး သူဒုက်ခ ရောက်လိမ့်မယ်။ အေးမယ်လို့ ပြောလိုက်တာပဲ ကောင်းပါတယ်လေ ဟုစဉ်းစားကာ။ 'ဒီဆောင်းတွင်း အင်မတန်အေးလိမ့်မည်။' ဟု ပြောလိုက်လေသည်။

ထို့နောက် ပရောဂဆရာ မိမိကိုယ်မိမိ လိပ်ပြာမသန့်ဖြစ်ကာ မိုးလေဝသဌာနသို့သွားပြီး ဒီနှစ်ဆောင်းတွင်း ပူမလား အေးမလား ဟုသွားမေးသည်။ ထိုအခါ မိုးလေဝသ အရာရှိက ဒီဆောင်းတွင်း အေးမည်ဟုပြောလေသည်။

'ခင်ဗျားဘာလို့ အေးမယ်လို့ ပြောနိုင်ရတာလဲ။' ပရောဂဆရာက မေးသည်။

'ရှင်းရှင်းလေးပဲ။ ဟိုမှာ ကိုချူချာ ထင်းခွေထွက်သွားတာ မတွေ့ဘူးလား။'

## သန်း

ပီတာလေး နက်ဖြန် ဇီဝဗေဒဘာသာ ဖြေရမည်။ မဖြေခင် မဲနှိုက်ခါ မဲလိပ်တွင် ပါသည့် အကောင်အကြောင်းကို ပြောပြရမည်ဖြစ်သည်။ ကျက်စရာ မှတ်စရာ အကောင်ပေါင်းက အမျိုး၂၀လောက်ရှိသည်။ ထို့ကြောင့် ပီတာလေးသည် အသေးဆုံး အကောင်ဖြစ်သော 'သန်း' အကြောင်းသာ ကျက်ရန် ဆုံးဖြတ်လိုက်သည်။
စာမေးပွဲနေ့။ ပီတာလေး ဖြေဆိုရမည့်အလှည့်ဖြစ်သည်။ ပီတာလေး မဲလိပ်တစ်လိပ်ကို နှိုက်လိုက်သည်။ 'ခွေး'အကြောင်းပြောရမည်။ ပီတာလေး ခဏမျှစဉ်းစားကာ

'ခွေး ဆိုတာ အိမ်မွေးတိရစ္ဆာန်ဖြစ်ပါတယ်။ သူ့မှာ ခြေလေးချောင်းရှိတယ်၊ အမြီးရှိတယ်၊ အမွေးတွေ ရှိတယ်။ အမွေးတွေ ကြားထဲမှာ 'သန်း' လဲရှိတယ်။ အဲ၊ သန်း ဆိုတာကတော့ ………… …… … ………… …. ……….။'

ဆရာမသည် ပီတာလေး ဖြေသွားသည်ကို ဇဝေဇဝါဖြစ်သောကြောင့် နောက်တစ်လိပ်နှိုက်ခိုင်းသည်။ ယခုအကြိမ်တွင် 'ငါး' ကျသည်။

'ငါးဆိုတာ ရေထဲမှာနေတယ်။ သူ့မှာ အမြီးရှိတယ်၊ ငါးဟာ ငါးပဲ။ သူ့မှာ ခြေလက်တွေ မရှိဘူး။ အမွေးမရှိဘူး၊ အဲ.. အမွေးရှိခဲ့ရင်တော့ သူ့ဆီမှာ သန်းရှိလိမ့်မယ်။ သန်း ဆိုတာကတော့...... ... ...... ............ ......................
.............. ။'

<u>**မည်သူမပြု မိမိမှု**</u>

'အန်ကယ့်သမီး ကျွန်တော့်ကို လက်ထပ်ဖို့ သဘောတူလိုက်ပြီ ခင်ဗျ။'
ထိုအခါ အဖိုးကြီးက
'အဲဒါကတော့ မည်သူမပြု မိမိမှု ပဲ။ မောင်ရင်သာ အန်ကယ်တို့အိမ်ကို ညနေတိုင်း မလာခဲ့ဘူးဆိုရင် ဒီလိုဖြစ်လာစရာ အကြောင်းမရှိဘူး။'

<u>**ကျီစားတာ**</u>

အမူးသမားနှစ်ယောက် တက်စီငှားသည်။ လမ်းတွင် တက်စီသမားအား
'ကျွန်တော် ကားကို မောင်းလို့ရမလား'
တက်စီသမားက ခင်ဗျားရူးနေလား ဟူသော အကြည့်မျိုးဖြင့် ပြန်ကြည့်သည်။
'ရပါတယ်။ ဒါဆိုလည်းကိုယ့်ဘာသာကိုယ် မောင်းမှာပေါ့' ဟုဆိုကာ လွယ်အိတ်ထဲမှာ စတီယာရင်ဗွီး တစ်ခုထုတ်ကာ ဟိုလှည့်သည်လှည့်ဖြင့် တစ်ယောက်ထဲ မောင်းလေတော့သည်။

'ရှေ့က ကားအနီရောင်လေး တွေ့တယ်မလား။ ကျော်လိုက်စမ်းပါဗျာ။ ကျီစားရအောင်။'
တက်စီသမားလည်း နားအေးရင် ပြီးရောဟူသော သဘောဖြင့် အရှိန်မြှင့်လိုက်သည်။ ကားနှစ်စီး ဘေးချင်းယှဉ်မိသည့် အချိန်တွင် တစ်ဖက်ကားပေါ်မှ ကားဆရာက တက်စီကားအား နားမလည်နိုင်သော မျက်လုံးဖြင့်ကြည့်လေသည်။
ထိုအချိန်တွင် အမူးသမားသည် သူ့စတီယာရင်ဗွီးအားဘယ်ဘက်သို့ တအားကွေ့ချလိုက်သည်။ တစ်ဖက်ကားမှ ကားသမားလည်း မျက်လုံးမျက်ဆံပြူးပြီး ဘယ်ဘက်သို့ ဆွဲချလိုက်ရာ ချောက်ထဲကျသွားလေတော့သည်။

'ဟေ့လူ၊ ခင်ဗျားဘယ်လိုလုပ်တာလဲ။ ခင်ဗျားကတော့ကျီစားတာပဲ၊ ဟိုလူ့ခင်ဗျာ

သေမလား မသိ၊ ရှင်မလား မသိ။'

'အော်… အခုကျတော့ ဒီလိုပြောမယ့်သူ ရှိတယ်ပေါ့… ဘာဖြစ်တယ်မှတ်လဲ၊ အရင်အပတ်က ကျုပ် ဒီအတိုင်း ကျီစားခံလိုက်ရတယ်၊ ဟင်းဟင်း။'

## အောင်နက်

'အန်တီ။ စောနက ကျွန်တော်ပေးတဲ့ ချောကလက် စားလို့ကောင်းရဲ့လား။'
'ကောင်းသားပဲ သားရဲ့။ ဘာဖြစ်လို့လဲ'
'ဘာမှမဖြစ်ပါဘူး။ ကောင်းတယ်ဆို ဘာလို့ အောင်နက် ပါးစပ်ထဲက ထွေးထုတ်ပစ်လိုက်လဲ မသိဘူး။'

## နေသာတယ်

ခိုထီးနှင့် ခိုမတို့ တနင်္ဂနွေနေ့ ပန်းခြံထဲတွင် ချိန်းတွေ့သည်။ ခိုမစောင့်နေသည်၊ ခိုထီးရောက်မလာသေး.. တစ်နာရီ.. နှစ်နာရီ.. သုံးနာရီ.. ကြာသွားသည်၊ ခိုထီးရောက်မလာသေး။ လေးနာရီခန့် ကုန်သွားသောအခါ ခိုထီးရောက်လာသည်။ ထိုအခါ ခိုမက ရန်တွေ့တော့သည် …..
'ရှင်နေတဲ့ နေရာနဲ့ ပန်းခြံနဲ့က နီးနီးလေး။ နှစ်မိနစ်လောက်ဆို ရောက်တဲ့ဟာကို။ ဘယ်အလေလိုက်နေရပြန်တာတုန်း။'
'အဲ၊ ဒီနေ့မနက်က မင်းသိတဲ့ အတိုင်းပဲ နေသာတယ်။ အဲတော့ ငါလမ်းလျှောက်လာဖို့ ဆုံးဖြတ်လိုက်တယ်။'

## မှားသွားပြီ

ဆေးတက္ကသိုလ်တွင် ပထမနှစ်များ စာမေးပွဲသည်။ မဟာဝိဇ္ဇာ တတ်နေသော ကျောင်းသားကြီးနှစ်ယောက်အား စစ်ရန် ဆရာများက တာဝန်ပေးလိုက်သည်။ စစ်ပုံမှာ ဖြေဆိုမည့် ကျောင်းသူ၊ကျောင်းသားများသည် အိတ်တစ်ခုထဲသို့ လက်နှိုက်ကာ ထိုအိတ်ထဲတွင် မည်သည့် ခန္ဓာကိုယ် အစိတ်အပိုင်းဖြစ်ကြောင်းပြောရသည်။ ပြောတာမှန်ပါက ထိုအစိတ်အပိုင်းအကြောင်း အသေးစိတ်ပြောရသည်။

စာမေးပွဲစစ်ရမည့်အချိန်တွင် မဟာဝိဇ္ဇာတန်း ကျောင်းသားကြီးနှစ်ယောက် ရေချိန်တင်ထားသည်မှာ တော်တော်လွန်နေပေပြီ။ အလှည့်ကျသူ ကျောင်းသူတစ်ဦး ကျောင်းခန်းထဲသို့ဝင်လာကာ ခုံပေါ်၌တင်ထားသော အိတ်တစ်အိတ်ထဲသို့ လက်နှိုက်သည်။

‘ဘာအစိတ်အပိုင်းလဲ’
‘ဝက်အူချောင်းပါ’
‘သေချာရဲ့လား’
‘ဟုတ်ကဲ့၊ သေချာပါတယ်’
‘ဒါဆိုကြည့်ရအောင်။ ဆွဲထုတ်လိုက်ပါဦး။’

တစ်ကယ်ပင် အိတ်ထဲမှ ဝက်အူချောင်းထွက်လာသည်။ ထိုအခါ
ကျောင်းသားကြီးတစ်ယောက်က ငှင်းဇါ်အဖော်အား...
‘ဟေ့ကောင်။ စောနက ငါတို့ အမြည်းဆိုပြီးစားလိုက်တာ
အထုပ်မှားသွားပြီထင်တယ်’

× × × × × × × × × × × × × × × × × × × × × × × × × × × × × × × × ×
× × × × × × × × × × ×

## အဒမ်စမစ်

စီးပွားရေးတက္ကသိုလ်ကျောင်းသူတစ်ဦးအား လူတွေ့စာမေးပွဲတွင်
ပါမောက္ခမှမေးသည်။ ခီန်ညေငအေသညျ ညေ ဏသူငအေငခရူ နခသည်ညသာပ
ဆိုတာ ဘယ်သူရေးခဲ့တာလဲ။ေ
ကျောင်းသူ မသိချေ... ဆရာက နည်းနည်း အရိပ်အမြွက်ပြသည်...
‘သူ့နောက်ဆုံးနာမည်က စမစ် လေ။’
ကျောင်းသူမသိသေးချေ...
ဆရာက စိတ်မရှည်နိုင်တော့ပဲ...
‘သူ့ပထမနာမည်က ပထမဆုံး ယောကျ်ားရဲ့ နာမည်လေဟာ။’

ထိုအခါ ကျောင်းသူလေး ရှက်သွေးဖြာသွားကာ ခေါင်းလေးငုံ့လျှက် တိုးတိုးလေး...

‘ဂျွန် ပါဆရာ။’

## ကြည်းတပ်

အမူးသမားတစ်ယောက် ရေအိုင်ထဲတွင် ထိုင်နေသည်။ အနားသို့
ရဲသားရောက်လာပြီးမေးသည်
‘ရေအိုင်ထဲဘာထိုင်လုပ်နေတာလဲ’
အမူးသမား။ ။ ‘ခင်ဗျား ဘယ်တပ်ကလဲ။’

ရဲသား။ ။ ‘မပြောတတ်ဘူး။ ကြည်းတပ်ကထင်တယ်’
အမှူးသမား။ ။ ‘ဒါဆို ရေတပ်ကိစ်စထဲ လာမရှုပ်နဲ့’

## ဘောသမား

တောအုပ်တစ်ခုတွင် တရိစ္ဆာန်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ကျင်းပသည်။ အသင်းခွဲပုံမှာ ဝက်ဝံ၊ခြင်္သေ့ စသည့် အကောင်ကြီးများက တစ်သင်း၊ ယုန်၊မြွေ စသည့် အကောင်ငယ်များက တစ်သင်း ဖြစ်သည်။

ဘောလုံးပွဲစပြီ။ အကောင်ကြီးများ အသင်းမှ ရှေ့တန်းတိုက်စစ်မှူး ဝက်ဝံသည် အကောင်ငယ်အသင်းမှ နောက်ခံလူ ယုန်ကို လိမ်ခေါက်ကာ ဂိုးသမား မျှောက်အား ကျော်၍တစ်ဂိုး စသွင်းလိုက်သည်။

ထို့နောက် ပြန်စကြသည်။ မြင်းသည် အကောင်ကြီးများ အသင်းအတွက် ဒုတိယဂိုးကိုလည်းကောင်း၊ လူဝံသည် တတိယဂိုးကိုလည်းကောင်း ပထမပိုင်း၌သွင်းကာ အနိုင်ရနေသည်။

ပထမပိုင်းပြီးသွားလေပြီ

ဒုတိယပိုင်းရောက်သောအခါ အကောင်ငယ်အသင်းဘက်သို့ ကင်းခြေများ ဝင်လာပြီးကစားသည်။ ဒုတိယပိုင်း စလျှင်စခြင်း ကင်းခြေများက အကောင်ငယ်များ အသင်းအတွက် ပထမဂိုးကို သွင်းယူလိုက်သည်။ ၁၀မိနစ်ခန့် အကြာတွင် ကင်းခြေများကပင် ဒုတိယဂိုး ထပ်မံသွင်းလိုက်လေသည်။ ဤသို့ဖြင့် ပွဲအပြီးတွင် အကောင်ငယ်အသင်းက အကောင်ကြီး အသင်းအား ၅ဂိုး–၃ဂိုးဖြင့် အနိုင်ရသွားလေသည်။

အဝတ်လဲခန်းထဲ၌ အကောင်ငယ်အသင်း ကပ္ပတိန် မျှောက်က ကင်းခြေများအား

‘မင်းဘာလို့ ပထမပိုင်းတည်းက ဝင်မကစားတာလဲ။’
‘ဘောကန်ဖိနပ် ဝတ်နေတယ်လေ။’

## နယူးရပ်ရှင်

နယူးရပ်ရှင်တစ်ယောက် မာစီဒီး အရောင်းခန်းမတွင် တာဝန်ခံအား ပြောနေသည်။
‘ကျွန်တော် ဒီကားဝယ်မယ်’
‘ဒါပေမယ့် လူကြီးမင်း မနေ့ကပဲ ဒီကားနဲ့ မော်ဒယ်တူ၊ အရောင်တူ ကားတစ်စီး

ဝယ်သွားသေးတယ်မဟုတ်လား ခင်ဗျ။'
'အင်းလေ။ ဟိုကားက အခု ဆေးလိပ်ပြာခွက် ပြည့်သွားလို့။'

× × × × × × ×× × × × × ×× × × × × × × × × × ×× × × × × × ×
× × × × × × ×× × × × × × ×

## နယူးရပ်ရှင် (၂)

နယူးရပ်ရှင်ဇ၏မိန်းမက နယူးရပ်ရှင်အား ပြောသည်။
'တစ်နေ့တစ်နေ့ ဒီလိုပဲ နေရတာ ပျင်းလှတယ်။ အပြောင်းအလဲလေး တစ်ခုလောက် လုပ်စမ်းပါဦးရှင်။'
ထိုအခါ နယူးရပ်ရှင်က
'အေး... ဒါဆိုလဲ အပြောင်းအလဲ ပေးရတာပေါ့.. ကောင်မ၊ ကြမ်းတိုက်စမ်း။'

× × × × × × ×× × × × × ×× × × × × × × × × × ×× × × × × × ×
× × × × × × ×× × × × × × ××

## နယူးရပ်ရှင် (၃)

နယူးရပ်ရှင်ဇ၏သားက မိဘများအားပြောသည်။
'အဖေ၊အမေ ကျွန်တော် မိန်းမလိုချင်ပြီဗျာ'
'ငယ်ပါသေးတယ် သားရယ်'
'ဘယ်မှာ ငယ်တော့လို့တုန်း။ ကျွန်တော် အသက် ၄၀ ရှိနေပြီပဲဟာကို'
'ဒါပေမယ့်၊ ၁၀တန်းကို အရင် အောင်အောင်ဖြေမယ်လို့ မေမေတို့ သဘောတူထားတယ် မဟုတ်လား။'

## အဆင်ပြေတဲ့ ကိုချူချာ

ပုလိပ်သား ကိုချူချာတစ်ယောက် အကြီးအကျယ် ဒေါသထွက်နေသည်။ တစ်နေကုန်မိုးရွာနေသောကြောင့် ကားမောင်းသူအားလုံး ယဉ်စည်းကမ်းကို အထူးဂရုစိုက်ကြသည်။ ကိုချူချာ တစ်ယောက်ထဲ မိုးရေစက်လက်ဖြင့် မတ်တပ်ရပ်နေရသည်။ စိတ်တိုတိုဖြင့် အိမ်သို့ပြန်လာကာ မိန်းမအား ဒေါသထွက်ရန်အကြောင်းတစ်စုံတစ်ရာရှာသည်။ သို့သော် မိန်းမသည် ထမင်းစားပွဲတွင် ထမင်း၊ဟင်းများ အဆင်သင့်ခူးခပ်ထားရုံမျှမက ခံတွင်းတွေ့စေရန် ဝီစကီ တစ်ခွက်ကိုပါ အသင့်ပြင်ထားပေးသည်။

ထို့ကြောင့်ကိုချူချာ ထမင်းစားပွဲတွင် ဝင်ထိုင်ကာ သားဖြစ်သူအား ခေါ်လိုက်သည်
'ပီတာ။ မင်းကျောင်းစာအုပ်တွေနဲ့ ငါ့ဆီလာခဲ့စမ်း။'
ပီတာလေး ကံဆိုးစွာဖြင့် ထိုနေ့က ဂရိတ် စီပဲရသည်။ အမေလုပ်သူအား
'အမေ၊ အဖေတော့ ကျွန်တော့်ကို သတ်တော့မှာပဲ။ တစ်ခုခုလုပ်ပါဦး။'
ဟုသွားပြောသည်။
အမေက ကျောင်းစာအုပ်ထဲတွင် ဒေါ်လာ ၅၀တန်ကို ညှပ်ပေးလိုက်သည်။
ပီတာလည်း ထိုစာအုပ်အား အဖေကိုချူချာကို သွားပြသည်။
ကိုချူချာက ဒေါ်လာ၅၀ကို မသိမသာ ကိုင်ကြည့်ကာ
'အင်း၊ အိမ်မှာ အဆင်ပြေလို့ တော်သေးရဲ့'

× × × × × × × × × × × × × × × × × × × × × × × × × × × × × × × × ×
× × × × × × × × × × × × × × × × × ×  × × ×

## ချူချာမုဆိုး

တစ်နေ့ ချူချာမုဆိုးနှင့် ရှုရှားမုဆိုးတို့ တောပစ်ထွက်ကြသည်။
တောတွင်းတစ်နေရာတွင် ဂူတစ်ခုကိုတွေ့သည်နှင့် ကိုချူချာက ထိုဂူထဲသို့
ခဲလုံးတစ်လုံး ပစ်ထည့်လိုက်သည်။ ထိုအခါ ဂူထဲမှ ဝက်ဝံထွက်လာပြီး
မုဆိုးနှစ်ယောက်အား သဲသဲမဲမဲ လိုက်လေသည်။ ရှုရှားနှင့် ကိုချူချာလည်း
တစ်ချိုးထဲ ပြေးလေတော့သည်။ ရှုရှားက လမ်းတွင် မိမိသေနတ်ယူလာကြောင်း
သတိရသောကြောင့် သေနတ်ဖြင့် နောက်လှည့်ကာ ပစ်လိုက်လေသည်။ ဝက်ဝံကြီး
နေရာ၌ပင် တုံးခနဲ လဲကျသေဆုံးသွားလေသည်။
ထိုအခါ ချူချာက ရှုရှားအား နားမလည်နိုင်သော ပုံဖြင့်ကြည့်ကာ.....

'ရှုရှားတွေဟာ အင်မတန်ညံ့တာပဲ။ အိမ်နားရောက်အောင် ပြေးပြီးမှ
ပစ်ပါတော့လား။ အခုတော့ ဒင်းကို အိမ်အထိ ဘယ်သူထမ်းမလဲ။'

## မြေခွေးနှင့်ယုန်

တောထဲတွင် ယုန်အား မြေခွေးတစ်ကောင်မှ သဲကြီးမဲကြီးလိုက်လေသည်။ သို့သော်
ဘယ်လိုပင်လိုက်လိုက် ယုန်အား မြေခွေးမမိနိုင်ဘဲရှိ၏။ ထိုအချိန်၌ မြေခွေး
တစ်စုံတစ်ခုကိုတွေးမိကာ ခြောက်ခြားစ ပြုလာသည်။

'အခု ငါက ဒီယုန်ကို လိုက်နေလို့ တော်သေးရဲ့။ ယုန်သာ ငါ့ကိုလိုက်မယ်ဆိုရင်
ငါတော့ ဘယ်လိုပြေးပြေး လွတ်မှာမဟုတ်ဘူး'

## ဒရိုင်ဘာ

အဝေးပြေးလမ်းမကြီးပေါ်တွင် ကားတိုက်မှုဖြစ်ပွားသည်။ ကားပေါ်မှလူများ ပွဲချင်းပြီး သေဆုံးကုန်သည်။ ထိုနေရာသို့ ရဲအရာရှိရောက်လာကာ စိတ်ပျက်လက်ပျက်ဖြင့် ပတ်ဝန်းကျင်သို့ ဝေ့ကြည့်သည်... မျောက်မတစ်ကောင် မှိုင်တိုင်တိုင်ဖြင့် လမ်းလျှောက်နေသည်ကိုသာ တွေ့လေသည်။
'အင်း။ မင်းသာ ငါ့ကို ဘာတွေဖြစ်ခဲ့လဲ ပြောပြနိုင်ရင် သိပ်ကောင်းမှာပဲ.. ခက်တာက မင်းကလဲ လူစကားမတတ်။ ဒီလူတွေကိုလည်း ငါမေးလို့မရ၊ ဘယ်လိုလုပ်ရပ့ါ။'
မျောက်မ ခေါင်းညိမ့်သည်။

'ဟေ၊ မင်းငါပြောတာ နားလည်တယ်လား။ ငါ့ကို ဘာတွေဖြစ်လဲ ပြောပြစမ်း။'
မျောက်မ အရက်သောက်သည့်ဟန် လုပ်ပြသည်။

'သူတို့ အရက်သောက်ကြတယ်၊ ဟုတ်လား။ နောက်တော့ကော'
မျောက်မ နှုတ်ခမ်းနှစ်ခုကို စူကာ ပါးစပ်မှ ကျွတ်ပြွတ် စသဖြင့် အသံများလုပ်ပြသည်။

'သူတို့နမ်းကြတယ်၊ ဟုတ်လား။ နေပါဦး၊ အဲဒီအချိန်မှာ မင်းက ဘာလုပ်နေလဲ'
မျောက်မ လက်နှစ်ဘက်ကို ဝှိုက်ပြကာ ကားမောင်းသည့်ဟန် လုပ်ပြသည်။

## ဂလွဲစား

မီးရထားတွဲပေါ်တွင် သားအမိနှစ်ယောက်၊ ဂျာမန်တစ်ယောက်၊ ရုရှားတစ်ယောက်၊ အင်္ဂလိပ်တစ်ယောက် လိုက်ပါလာကြသည်။ ရထား လှိုဏ်ခေါင်းထဲသို့ရောက်သောအခါ ၄င်းတို့ လိုက်ပါလာကြသော တွဲတစ်တွဲလုံး အမှောင်အတိဖုံးသွားသည်။ ရုတ်တရက်.....

'ပြွတ်'
'ဖျန်း' ဟူသော အသံများ ထွက်လာသည်။

သမီးလုပ်သူက စဉ်းစားသည် 'ငါ့အမေက တယ်ဟုတ်ပါလား။ ဒီအသက် ဒီအရွယ်ရောက်တာတောင် သူများတွေ ပြစ်မှားချင်တုန်းပဲ။ ပြီးတော့ လက်သံကလဲ ပြောင်ပါ့။'

အမေလုပ်သူက 'ငါ့သမီးဟာ ငယ်ငယ်လေးပဲ ရှိသေးတယ်၊ ယောကျ်ားလေးတွေ

ဝိုင်းနေပါလား။ ပြီးတော့ မဟုတ်မခံစိတ်ကလဲ ပြင်းပါ့ကွယ်။'

ဂျာမန်က 'တစ်ယောက်က တစ်ခြားတစ်ယောက်ကို နမ်းလိုက်တာပဲ။ ဒါပေမယ့် ဘာလို့များ ငါ့ကို ပါးလာရိုက်သွားလဲမသိဘူး'

ရုရှား---- 'ကိုယ့်လက်ကို ပြန်နမ်းပြီး ငါတို့တွေကို ကျူးကျော်ခဲ့တဲ့ ဂျာမန်ကို ပြန်ဂလဲ့စားချေရတာ တော်တော်ကောင်းတာပဲ'
× × × × × × × × × × × × × × × × × ×

**ဖားမင်းသားလေး**

မင်းသမီးလေးတစ်ပါး ရေအိုင်ဘေး၌ တစ်ယောက်ထဲ ထိုင်နေလေသည်။ ရုတ်တရက် ဖားလေးတစ်ကောင် မင်းသမီးပေါင်ပေါ်သို့ခုန်တက်လာပြီး

'အသင်မင်းသမီး။ ကျွန်ုပ်အား နမ်းလိုက်ပါ။ ကျွနိုပ်သည် မင်သားလေးတစ်ပါအဖြစ်သို့ ပြောင်းသွားမည်။ ထိုအခါ သင်သည် ကျွနိုပ်နှင့်အတူ နန်းတော်သို့လိုက်ပါကာ ကျွနိုပ်အား လိုအင်များကို ဖြည့်ဆည်းပေးမည်။ ကျွနိုပ်အတွက် သားသမီးများ ကိုမွေးဖွားပေးမည်။ ကျွနိုပ်အား တစ်သက်တာလုံးပျော်ရွှင်အောင် ထားပေမည်။'

ထိုအခါ မင်းသမီးလေးသည် ဖားအား ကြော်စားလိုက်လေသည်။

**ပေးစားချင်တာကြာပြီ**

သမီးရည်းစားနှစ်ယောက် ခိုးပြေးကြသည်။ ခရီးတွင်စေရန် တက်စီတစ်စီးငှားကာ ကောင်လေးသူငယ်ချင်းအိမ်သို့ သွားကြသည်။ အိမ်ရောက်သောအခါ ကောင်လေးက တက်စီသမားအား ပိုက်ဆံထုတ်ပေးမည်အလုပ်တွင် တက်စီသမားက
'မပေးပါနဲ့တော့။ သတို့သမီး အဖေက ကျွန်တော့ကို ပေးပြီးပါပြီ။'

**စားချင်တယ်**

နွေရာသီဖြစ်သည်။ နိုင်းမြစ်ကမ်းပါး တစ်လျှောက်လုံး ခြောက်သွေ့နေသည်။ မြစ်ကမ်းပါး တစ်နေရာ၌ တိုးရစ်တစ်ယောက် ငါးထိုင်မျှားနေသည်။ မြစ်ထဲမှ မိကျောင်းပေါ်လာပြီး တိုးရစ်အား--
'ပူအိုက်အိုက်ကြီးနော်'

'အင်း၊ဟုတ်တယ်။ ပူအိုက်အိုက်ကြီး'

'ကုန်းပေါ်မှာ တော်တော်မွန်းကျပ်မှာပဲ'
'အင်း၊ဟုတ်တယ်။ တော်တော် မွန်းကျပ်တယ်'

'ဒါဆိုရင် ရေဆင်းကူးပါလားဟင်'

**မဟုတ်ဘူး ၊ မဟုတ်ဘူး**

မောစကို မြစ်ထဲတွင် လူတစ်ယောက်သည် လှေပေါ် တွင်ထိုင်ကာ ' မဟုတ်ဘူး၊ မဟုတ်ဘူး၊ မဟုတ်ဘူး' ဆိုသော စကားကို အကြိမ်ကြိမ် အော်ပြောနေသည်။
ဤသည်ကို မြင်သောလူကြီးတစ်ဦးက အနီးအနားရှိ ရဲသားကို မေးသည်။
' ဒီလူက ဘာဖြစ်လို့ 'မဟုတ်ဘူး၊မဟုတ်ဘူး' ချည်း
အော်နေရတာလဲဗျလှေပေါ်မှာသူတစ်ယောက်ထဲ ရှိတဲ့ဥစ္စာ'
' သူက ပါတီ ဗဟိုကော်မီတီဌာနချုပ်က ဝန်ထမ်းလေ၊ ရုံးမှာ တစ်ချိန်လုံး
'ဟုတ်ကဲ့' လို့ အမြဲတမ်း ပြောရတဲ့ အထဲက တစ်ယောက်၊ အခု သူ
ခွင့်ရက်ရှည်ခံစားနေရတယ်လေ'

**စိတ်ဆိုးရင် ခဏဘဲ**

အဝေးပြေး မီးရထားပေါ်တွင်ဖြစ်သည်။ (၂) ယောက်တွဲ အိပ်ခန်းတွင်
အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့ အတူတူကျသည်။ ညဥ့်နက်သည်အထိ
(၂)ယောက်စလုံး ဟိုလှိမ့်သည်
လှိမ့်နှင့် အိပ်မပျော်နိုင်ဖြစ်နေကြသည်။
အမျိုးသားက စ၍ မေးသည်။
' ဘာဖြစ်လို့ ခင်ဗျား မအိပ်သေးတာလဲ'
' အိမ်မှာ သစ္စာမဲ့တဲ့ ယောကျ်ားကျန်ရစ်တာကို သတိရလို့'
'ကျုပ်လဲ ဒီအတိုင်းဘဲ၊ အိမ်မှာ ဖေါက်ပြားတဲ့ မိန်းမ ကျန်ရစ်ခဲ့တယ်။
ဂလဲ့စားချေလိုက်ကြရင် မကောင်းဘူးလား'
ဂလဲ့စားချေလိုက်ကြသည်။ အမျိုးသားသည် မိမိအိပ်ရာဘက်ပြောင်းကာ
အနားယူသည်။ မျက်လုံးများ လေးလာကာ အိပ်စပြုသည်။ အမျိုးသမီးမှု
မအိပ်နိုင်ဘဲ ယခင်အတိုင်း ဟိုလှိမ့်သည်လှိမ့် လုပ်နေသည်။

'ဘာဖြစ်လို့ ခင်ဗျား မအိပ်တာလဲ၊ ကျွန်တော်တို့ ဂလဲ့စားချေပြီးကြပြီဘဲ'
'ကျွန်မက တစ်ခါပြီး တစ်ခါ ဂလဲ့စားချေချင်တယ်ရှင့်'
'ကျွန်တော်ကတော့ ဒီလိုမဟုတ်ဘူး။ စိတ်ဆိုးရင် ခဏဘဲ'

**အိမ်ထောင်ဦးစီး**

မင်္ဂလာပွဲ ပြီးသောအခါ ညားကာစ ဇနီးမောင်နှံသည် ဇနီးသည်၏ အမေအိမ်တွင် နေထိုင်ရန် ဆုံးဖြတ်လိုက်သည်။ ပထမနေ့ ညစာ စားချိန်တွင်ပင် ယောက်ျားက ကြေငြာသည်။

' ရတဲ့လစာကို အိမ်ပြန်ယူလာတဲ့အခါ ယူလာမယ်၊ မယူလာချင် မယူလာဘူး'

ထိုစကားကို ကြားရသောအခါ ဇနီးဖြစ်သူက မကျေမနပ် ပြောသည်။

'ရှင့်စကားက ဘာအဓိပ္ပါယ်လဲ၊ ပိုက်ဆံယူလာချင် ယူလာမယ်။ မယူလာချင် မယူလာဘူးတဲ့၊ ဟင်း'

စားပွဲကို ယောက်ျားက လက်သီးဖြင့် ထုလိုက်သည်။

' ဟေ့ ဒီအိမ်မှာ ဘယ်သူ အိမ်ထောင်ဦးစီးလဲ'

ဇနီးဖြစ်သူ အသံတိတ်သွားသည်။ ယောက်ျားက ဆက်ပြောသည်။

'ပြီးတော့၊ ဒီနေ့မှာ မိန်းမနဲ့ အိပ်ရင်၊ နောက်တစ်နေ့မှာ ယောက်ခမနဲ့ အိပ်ချင်တဲ့အခါ အိပ်မယ်'

ဇနီးဖြစ်သူ ဒေါသထွက်သွား၍ ဆတ်ဆတ်ခါ ဖြစ်သွားသည်။

' ရှင် ဘာစကားပြောတာလဲ၊ မိန်းမနဲ့ အိပ်ချင်တဲ့အခါအိပ်၊ ယောက်ခမနဲ့ အိပ်ချင်တဲ့အခါ အိပ်မယ်တဲ့။ ဟွန်း'
ဤတွင် အမေလုပ်သူက သမီးကို လှမ်းအော်လိုက်သည်။

' ဟဲ့ ကောင်မ၊ တိတ်တိတ်နေစမ်း၊ ဒီအိမ်မှာ ဘယ်သူ အိမ်ထောင်ဦးစီးလဲ'

## ကျဉ်းမြောင်းသော ကမ္ဘာ

'ဒါလင်ရေ။ ကမ္ဘာကြီးဟာ ကျဉ်းကျဉ်းလေးဆိုတာ အမှန်ဘဲနော်။ ဒါလင်ရဲ့ တတိယဇနီးနဲ့ ကျွန်မရဲ့ ဒုတိယ ယောကျ်ားတို့ဟာ ဒါလင့် ဒုတိယဇနီးရဲ့ ပထမ ယောကျ်ားပိုင် ပင်လယ်ကမ်းစပ်က တိုက်အိမ်မှာ သူတို့ရဲ့ ပျားရည်ဆမ်းလကို ကုန်လွန်ခဲ့တယ်ဆိုဘဲ'

## ခင်ဗျားတို့ကိုး

ဆေးရုံမှ လင်မယားနှစ်ဦး ထွက်လာသည်။ လမ်းတွင် တက်စီငှားသည်။ မိန်းမက တက်စီသမားအား
'ကျေးဇူးပြုပြီး ဖြေးဖြေးမောင်းပေးပါနော်။ ကျွန်မတို့ နှစ်ယောက် မနေ့က အမောင်းကြမ်းတဲ့ ဒရိုင်ဘာနဲ့တွေ့တာ ဆေးရုံတတ်လိုက်ရတယ်။'

တက်စီသမား။ ။ 'သြော်… ခင်ဗျားတို့ကိုး။ ကြည့်စမ်း ရုတ်တရက် မမှတ်မိဘူး။'

## ရပါတယ်။

အဆိုသင်တန်းတွင် သင်တန်းသူတစ်ဦးက နည်းပြအားမေးသည်။

'ဆရာ၊ ကျွန်မကို ရှင်းရှင်းပဲ ပြောပါဆရာ။ ကျွန်မအသံက ဘယ်နေရာမှာမှ သုံးစားလို့ မရတော့ဘူးလား။'

'ဟာ၊ ဒီလိုလဲ မဟုတ်ပါဘူး။ ဥပမာ မီးလောင်တာတို့၊ ရေနစ်တာတို့၊ ပြေတိုက်ခံရတာတို့ဆိုရင် ခင်ဗျားအသံက အစားထိုးလို့ကို မရဘူး။ တစ်ကယ်ပြောတာ။'

## လူမှန်နေရာမှန်။

'မောင်ဘမောင်။ မင်းက ဘယ်လို ယောကျ်ားလဲကွယ့်။ မင်းမိန်းမကတော့ ကိုယ်ဝန်ကြီးနဲ့ ထင်းခွဲနေတယ်။ မင်းကျတော့ ဒီခုံပေါ်မှာ အေးအေးဆေးဆေး မယ်ဒလင် ထိုင်တီးနေတယ်။'
'မတတ်နိုင်ဘူး ဒေါ်ဒေါ် သူမှ မယ်ဒလင် မတီးတတ်တာ။'

## လူကြီးလူကောင်း

'ဆွစ်လူမျိုး ယောက်ျားတွေဟာ လူကြီးလူကောင်း မဆန်ဘူးလို့ ဟာသတွေ ထုတ်ကြတာ လုံးဝ တက်တက်စင်အောင် မှားတယ်ဗျ။'
'ဘာလို့ ခင်ဗျား ဒီလိုပြောနိုင်ရတာလဲ။'
'မနေ့က မိုးရွာထဲမှာ ဘီးပေါက်လို့ ကားဘီးလဲနေတဲ့ အမျိုးသမီးတစ်ယောက်ကို ဘေးကနေ ထီးမိုးပေးတဲ့ ဆွစ်လူမျိုးတစ်ယောက် တွေ့ခဲ့တယ်လေ။'

## အတွေ့အကြုံ

ဘားကောင်တာတစ်ခုတွင် တောသားတစ်ယောက်က ဆိုင်ရှင်အား စကားပြောနေသည်။

'ခင်ဗျားတို့ နယူးယောက် မြို့ကြီးက ငွေခင်းပြီး လမ်းလျှောက်မှ အဆင်ပြေတယ်ဗျ။ ကျုပ်တို့မြို့မှာဆို ဒီလိုမဟုတ်ဘူး။ ကြုံက်တဲ့ ဟိုတယ်သွားပြီး အရက် အလကားသောက်လို့ရတယ်၊ တည်းခိုခန်းခ မပေးဘဲ တည်းလို့ရတယ်ဗျ။ အဲ အပြန်ကျရင် လမ်းစရိတ်ဆိုပြီး ပိုက်ဆံတောင် ထပ်ပေးလိုက်သေးတယ်။'
'ဟာ၊ ခင်ဗျား မဖြစ်နိုင်တာတွေ လာပြောနေတယ်။ ခင်ဗျားကိုယ်တိုင်ရော ဒါမျိုး ကြုံဖူးလို့လား။'
'ကျွန်တော်တော့ မကြုံဖူးပါဘူး၊ ဒါပေမယ့် ကျွန်တော့်မိန်းမတော့ ခဏခဏကြုံရတယ်ပြောတယ်။'

## အပြန်အလှန်

သားဖြစ်သူမျက်နှာမကောင်းသဖြင့်အမေဖြစ်သူက
အမေ၊ သား၊မျက်နှာမကောင်းပါလား၊ဘာဖြစ်လို့လဲ၊အမေ့ကိုလဲပြော ပြပါဦး၊
သား၊ ကျွန်တော်နဲ့မျက်စောင်းထိုးအိမ်မှခိုင်ခိုင်နဲ့ကြိုက်နေလို့၊လက်ထပ်ပါရစေ ဆိုတာကိုသူ့အမေကြီးကသဘောမတူဘူးတဲ့၊ဘယ်လိုမှမဖြစ်နိုင်ဘူးလို့ပြောနေလို့၊
အမေ၊ဘာဖြစ်လို့သဘောမတူတာတဲ့လဲ၊သားရယ်၊သားမှာဘာချို့ယွင်းချက်တွေရှိနေလို့လဲ၊
သား၊သားမှာဘာချို့ယွင်းချက်မှမရှိပါဘူးတဲ့မေမေရယ်၊အဓိကပြဿနာကခိုင်ခိုင်နဲ့ ကျွန်တော်ကမောင်နှမတွေတဲ့၊ဘယ်လိုမှယူလို့မဖြစ်ဘူးတဲ့မေမေရဲ့၊သားလဲရူးချင်လာပြီ၊
အမေ၊ ခိုင်ခိုင့်အမေကအဲဒီလိုပြောသလား၊
အမလေးသားရယ်၊ဒါများစိတ်ညစ်မနေနဲ့၊
ပျော်ပျော်သာနေ၊ခိုင်ခိုင်နဲ့သားယူလို့ရပါတယ်သားရဲ့၊မောင်နှမမဟုတ်ပါဘူး၊

## ပရိတ်သတ်

မြေခွေးနှင့် ယုန်တို့ မြက်ခင်းပေါ်တွင် လှနေကြသည်။ မြေခွေးက
'ဟေ့ကောင်၊ ယုန် ငါတို့ ဒီတိုင်းနေတာ ပျင်းစရာကြီး။ ဘာလုပ်ကြမလဲ။'
'ဟောပြောပွဲ လုပ်မလား ကိုမြေခွေး။ ကိုမြေခွေးကပြော ကျွန်တော်
ပရိတ်သတ်လုပ်မယ်။'

မြေခွေး ကုန်းမြင့်တစ်ခုပေါ်တက်ကာ စတင်ဟောပြောသည်။ သိပ်မကြာလိုက်
ခဲလုံးတစ်ခု အရှိန်ပြင်းပြင်းနှင့် ၄င်းမျက်နှာတည့်တည့်ကို လာမှန်လေသည်။
မြေခွေးသတိမေ့သွားသည်။

ပြန်သတိလည်လာသောအခါ စိတ်ဆိုးမန်ဆိုးနှင့် ယုန်ကိုမေးသည်။

'ဟေ့ကောင်၊ မင်းလားကွ ငါ့ကို ခဲနဲ့ပစ်တာ'
'မပြောတတ်ဘူး။ ပရိတ်သတ်ထဲက ဖြစ်မယ်ထင်တယ်။'

## မူးရင် မရမ်းနဲ့

ယုန်တစ်ကောင် တောထဲတွင် လမ်းလျှောက်လာသည်။ မြက်ခင်းပေါ်တွင်
အရက်ပုလင်းတစ်လုံးကို တွေ့သည်နှင့် ယုန်သောက်လိုက်သည်။ သို့သော်
အရက်က ပြင်းလွန်းသောကြောင့် ယုန် နေရာ၌ပင် မူးလဲကာ
အိပ်ပျော်သွားလေသည်။

ထိုနေရာသို့ မြေခွေးမတစ်ကောင် ရောက်လာသည်။ ယုန်နှင့် အရက်ပုလင်းကို
တွေ့သောအခါ
'အတော်ပဲ။ ဟင်းစားကလဲ အဆင်သင့်၊ သောက်စရာ ယမကာ ကလည်း
အဆင့်သင့်။'
အရက်ကို သောက်လိုက်သည် မြေခွေးမ မူးလဲသွားသည်။

ထို့နောက် မြေခွေးထီးတစ်ကောင်ရောက်လာသည်။ ယုန်၊မြေခွေးမ နှင့်
အရက်ပုလင်းတို့ကို တွေ့သောအခါ
'နိပ်ဟ။ ဟင်းစားလည်း ရှိတယ်၊ ယမကာလဲရှိတယ် ပြီးတော့ မြာဆေးကလဲ
ရှိသေးတယ်။'
အရက်သောက်လိုက်သည်။ မြေခွေးမူးလဲကာ အိပ်ပျော်သွားသည်။

မကြာမီ ယုန်ပြန်နိုးလာသည်။ ဘေးတွင် လဲနေသော မြေခွေးထီးနှင့် မြေခွေးမကို တွေ့သောအခါ..

'ဟာ၊ ငါမူးပြီး ရမ်းလိုက်တာ မဆိုင်တဲ့သူတွေတောင် တော်တော်ထိကုန်ပါပကောလား'

<u>ဂလဲ့စား</u>

ည ၂ နာရီခန့်ဖြစ်သည်။ ဘားဆိုင်တစ်ဆိုင်တွင် အရောင်းဝန်ထမ်းနှင့် ကပ်စတန်မာတို့ စကားပြောနေသည်။

'ဟိုမာလ်ဘိုရို စီးကရက်က တစ်ဘူးဘယ်လောက်လဲဗျ။'
'သုံးဘူးကို ပြားငါးဆယ်'
'ဟာ... ဘလက်လေဘယ်ကရော တစ်ပုလင်းဘယ်လောက်လဲ'
'တစ်ပုလင်း ၂ ဒေါ်လာ'
'ခင်ဗျားနောက်နေတာတော့ မဟုတ်ပါဘူးနော်'
'မနောက်ဘူး။ မျက်နှာချင်းဆိုင်က တိုက်ခန်းကို တွေ့လား'
'တွေ့တယ်'
'တတိယထပ်မှာ မီးလင်းနေတာကော တွေ့လား'
'တွေ့တယ်'
'အဲဒီအခန်းထဲမှာ ဒီဆိုင်ရှင်ရှိတယ်'
'ဟုတ်လား။ ဟိုအခန်းထဲမှာ ဆိုင်ရှင်ရှိတာနဲ့ ခင်ဗျား ဈေးတွေ လျှော့ရောင်းနေတာနဲ့ ဘာဆိုင်လို့လဲ'
'ဆိုင်ပြီလားဗျာ။ အဲဒါ ကျွန်တော့် အခန်း။ ဆိုင်ရှင်က အခုကျွန်တော့်မိန်းမနဲ့ဗျ။'

**ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့်**

လူတစ်ဦးမြင်းဝယ်ရန်အတွက် ပိုင်ရှင်နှင့် စကားပြောနေကြသည်။

ပိုင်ရှင် – ကျွန်တော့်မြင်းက ရိုက်စရာ အော်စရာမလိုဘဲနဲ့စီးလို့ရပါတယ်။
ဝယ်သူ – ခင်ဗျားဆိုလိုတာက လူစကား နားလည်တယ်လို့ ဆိုလိုတာလား။
ပိုင်ရှင် – အဲဒီလိုတော့ မဆိုလိုပါဘူး၊ သူ့ပထမ ပိုင်ရှင်က ဘာသာရေး ကိုင်းရှိုင်းလွန်းတော့ သူ့မြင်းကိုလည်း ယဉ်ကျေးအောင် သင်ကြားထားလို့ပါ။

စိတ်မရှည်သော ဝယ်သူက မြင်းပေါ်တက်ကာ စီးဖို့ စတင်ကြိုးစားလေသည်။ မြင်းဝယ်သူ မည်သို့ကြိုးစားကြိုးစား မြင်းကို နေရာမှ ရွှေ့အောင် ကြိုးစားမရသည့်အဆုံး
ဝယ်သူ – ကဲ ကိုယ့်ဆရာ ဒီမြင်းကို ဘယ်လိုစီးရမလဲသာ ပြောပါတော့။
ပိုင်ရှင် – ခင်ဗျားက ကျုပ်ပြောတာ ဆုံးအောင်နားမထောင်ဘဲကိုး၊ ဒီလိုဗျ မြင်းကို သွားစေချင်ရင် 'ဘုရားသခင်ရဲ့ ကျေးဇူးတော် ကြောင့်ပဲ' လို့ ပြောလိုက်ရုံပဲ။ အဲ နေးသေးတယ်ထင်လို့ မြန်မြန် ပြေးစေချင်ရင် 'ဘုရား ဘုရား' လို့ ပြောလိုက်။ ရပ်စေချင်ပြီဆိုရင်တော့ 'ဘုရားသခင် ကယ်တော်မူပါ' လို့ ပြောရုံပဲဗျာ။

မြင်းဝယ်သူလည်း ရောင်းသူ မှာသည့်အတိုင်း မြင်းကို အမိန့်ပေးပြီး စတင်စီးလေသည်။ စီးရင်းနှင့် မြင်းပြေးနှုန်းမှာ မြန်လွန်းလှသဖြင့် ဘုရား တလေရာ မြင်းမှာ တဟုန်ထိုး ပြေးပြီးရင်းသာ ပြေးနေလေတော့သည်။ မြင်းရောင်းသူမှာ လိုက်သော စကားများကိုလည်း မမှတ်မိတော့သည့်အဆုံး မြင်းကိုအတင်းဖက်ရင်း ဘုရားသာ ဆက်တိုက်တနေလေတော့သည်။ မကြာမီ အလွန်ကြီးမားသော ချောက်နက်ကြီးတစ်ခုကို ရှေ့တွင် ဘွားကနဲ တွေ့လိုက်ရသောအခါ မြင်းဆယ်သူမှာ မျက်စိ စုံမှိတ်ပြီး 'ဘုရားသခင် ကယ်တော်မူပါ' ဟု ဟစ်အော်လိုက်လေတော့သည် ။ ဒီတော့မှ ဒုန်းစိုင်းပြေးနေသောမြင်းမှာ ချောက်နစမ်းဝတွင် အရှိန်သတ်ကာ သေသေသတ်သတ် ရပ်တန့်ကာသွားလေတော့သည်။
ဂရောင်ချောက်ချား ဖြစ်ခဲ့ရသော မြင်းဝယ်သူမှာ ထိုအခါကြမှ သက်ပြင်းချရင်း 'ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့်ပဲ' ဟု ရေရွတ်လိုက်လေတော့သည်။

## ဘယ်သူမှတ်မိလဲ

နံနက်ခင်းတစ်ခုတွင် ဇနီးလုပ်သူက ခင်ပွန်းအား မေးခွန်းတစ်ခု မေးလေသည်။
'မောင်ရေ ဒီနေ့ဘာနေ့လဲ ဆိုတာ သိတယ်နော်'

ခင်ပွန်းလုပ်သူမှာ အူကြောင်ကြောင်ဖြစ်နေသဖြင့် ဇနီးသည်မှာ စိတ်ဆိုးစွာဖြင့် 'ဒီနေ့ဟာ ကျွန်မတို့ရဲ့ မင်္ဂလာ နှစ်ပတ်လည်နေ့ ဆိုတာတောင် ရှင်မမှတ်မိတော့ဘူးလားဟင်၊ ရှင်ဘာကြောင့် ဒီလိုနေ့ကိုတောင် မမှတ်မိရတာလည်းဆိုတာ ပြောစမ်းပါဦး'

ခင်ပွန်းလုပ်သူက 'မင်း ဘဝမှာ ငါးအကြီးဆုံး ဖမ်းမိခဲ့တဲ့ နေ့ကို မှတ်မိလား' ပေါက်ကွဲနေသော ဇနီးသည်က ' ဘာလို့ မမှတ်မိရမှာတုန်း ပြီးခဲ့တဲ့ တစ်နှစ်က ဆူဇီတို့လင်မယားနဲ့ ငါးဖမ်းထွက်တုန်းကလေ၊ ကျွန်မမိတဲ့ငါးက အဲ့ ဒီကန်မှာ

မိဘူးသမျှ ငါးတွေထဲမှာ အကြီးဆုံးစာရင်းတောင် ဝင်ခဲ့သေးတယ်၊'
ထိုအခါ ခင်ပွန်းဖြစ်သူက ' အဲ့ဒီငါးလည်း အဲဒီနေ့ကို မှတ်မိနေလိမ့်မယ်လို့ မင်းထင်လား။

**ငှန်တာဥ**

ယုန်တစ်ကောင် အိမ်ဆောက်ပစ္စည်းဆိုင်သို့ လာမေးသည်။
''ငှန်တာဥ ရှိလားခင်ဗျာ''
အလုပ်များနေသော ဆိုင်ရှင်က ဒေါသကြီးစွာ ပြန်ပြောသည်။
''ဟေ့၊ ယုန်စုတ်။ တစ်အချက်၊ ငှန်တာဥ မဟုတ်ဘူး၊ မုန်လာဥ။ နှစ်အချက်၊ ဒါအိမ်ဆောက် ပစ္စည်းဆိုင်ကွ၊ ဘာမုန်လာဥမှ မရှိဘူး။ သုံးအချက်၊ နောက်တစ်ခါ ငှန်တာဥလို့ ပြောရင် မင်းကို နံရံမှာ သံနဲ့ရိုက်ထားမယ်''
ယုန်လည်း တောထဲသို့ ပြန်သွားသည်။
နောက်တစ်နေ့ မနက်တွင် ထိုယုန်ပင် ပြန်ရောက်လာပြီး မေးပြန်သည်။
''ဗျို့ ဦးလေးကြီး၊ အိမ်ရိုက်သံရှိလား''
''မရှိဘူး၊ ကုန်နေတယ်ဟေ့''
''ဒါဆို ငှန်တာဥရော ရှိလားဟင်''

**ဒဏ်ပေးစနစ်**
အိပ်ယာဝင်ကာနီးလင်မယား၂ယောက်စကားများကြသည်၊ယောကျ်ားက မိန်းမကိုအပြစ်ပေးသည့်အနေဖြင့် ထိုင်ထအခါ၁၀၀လုပ်စေသည်။မိန်းမကကျေကျေနပ်နပ်လက်ခံလိုက်သည်။

**ပိုက်ဆံတောင်းနည်း**

ကလပ်ထဲတွင်မိမိထက်လခနည်းသောဗိုလ်ကြီးကမိမိထက်ပိုက်ဆံ ပိုသုံးနိုင်သည်ကိုတွေ့ရသဖြင့် ဗိုလ်မှူးကြီးကမေးလိုက်သည်။
"ဟေ့၊မင်းကိုတော့အားကျတယ်ကွာ၊ငါ့ထက်လစာရတာနည်းပေမဲ့ငါ့ထက်ပို သုံးနိုင်တယ်၊
နည်းကောင်းလေးများရှိရင်ပေးစမ်းပါဦး၊''
''လွယ်ပါတယ်ဗိုလ်မှူးကြီးရ၊
ဗိုလ်မှူးကြီးမိန်းမဆီကပိုက်ဆံတောင်းရင်ဘယ်လိုတောင်း လဲ၊''
''မိန်းမရေငါ့မှာသုံးစရာမရှိတော့ဘူးဆိုပြီးတောင်းတာပဲ''

''ဒါဆိုရင်ဒီတစ်ခါဗိုလ်မှူးကြီးမိန်းမကိုနောက်ကနေဖွဖွလေးဖက်ပြီး
လည်တိုင်လေးကိုနမ်းလိုက်၊
အရင်ကထက်ပိုရလိမ့်မယ်၊''
''အေးကွာ၊ကျေးဇူးပါပဲ၊အပြန်ကျရင်စမ်းကြည့်လိုက်ဦးမယ်၊''
ဗိုလ်မှူးကြီးအိမ်စောပြန်လာသည်၊
တီဗွီကြည့်နေသောမိန်းမကိုနောက်မှဖွဖွလေးဖက်ပြီး
လည်တိုင်လေးကိုနမ်းလိုက်သည်၊
''ဘာလဲမောင်လေး၊သုံးစရာပိုက်ဆံကုန်ပြန်ပြီလား''

## စဉ်းစားပေါ့

ဆရာကတပည့်ကိုမေးသည်။
ဆရာ.. ဝင်ပြီးရင်ပြန်မထွက်ချင်တာ၂ခုရှိတယ်၊အဲဒါဘာလဲ၊သိလား၊
တပည့်.. မသိပါဘူးဆရာ၊ကျေးဇူးပြုပြီးရှင်းပြပေးပါ၊
ဆရာ... တစ်ခုက၊မြန်မာကျူးပစ်၊ဝင်ပြီးရင်ပြန်ကိုမထွက်ချင်တော့ဘူး၊
တပည့်..နောက်တစ်ခုကရောဆရာ
ဆရာ.....မင်းဟာမင်းစဉ်းစားဦးမှပေါ့ကွ၊နေရာတကာငါ့ကိုချည်းအားကိုးမနေနဲ့

## ကြီးလာရင်

သားဖြစ်သူကတီဗွီတွင်ပြနေသောရေခဲစကိတ်ကိုစီးချင်ကြောင်းဖခင်ကိုပြောသည်။
ဖေဖေသားလဲအဲလိုစီးချင်တယ်၊
သားကြီးလာရင်စီးရမှာပေါ့၊သားရဲ့၊ကဲကဲသားအိပ်တော့နော်၊မနက်ကျောင်းသွားရဦးမှာ၊
ဖခင်ဖြစ်သူငှင်း၏အိပ်ခန်းထဲသို့ဝင်သည်၊တစ်ဖက်လှည့်အိပ်နေသောမိန်းမဘေးသို့ကပ်ပြီး
တိုးတိုးလေးပြောသည်။
မိန်းမရေ၊အိပ်ရအောင်လေ၊
ကြီးလာရင်အိပ်ရမှာပေါ့၊

## လှေကြီးထိုးရိုးရိုး

လင်မယားနှစ်ယောက် အိမ်သုတ်ဆေးရောင်းသောဆိုင်တွင်အငြင်းအခုံ ဖြစ်နေကျသည်။ ယောက်ကျားဖြစ်သူက အပြာရောင် ကြိုက်သည်။ မိန်းမဖြစ်သူက ပန်းရောင်ကို ကြိုက်သည်။ ညှိနှိုင်း၍မရဖြစ်နေသောကြောင့်ဆိုင်ရှင်၏ ဆုံးဖြတ်ချက်ကို လိုက်နာရန်သဘောတူလိုက်ကြသည်။ ဆိုင်ရှင်က ဘယ်မှာသုတ်မလဲ ဟုမေး၏။ အိပ်ခန်းမျက်နှာကျက်ကို သုတ်မည်ဟုပြောရာ ဆိုင်ရှင်က ခဏမျှစဉ်းစားလိုက်ပြီး မိန်းမဖြစ်သူ၏အကြိုက်ကို ဦးစားပေးသင့်ကြောင်းပြောသည်။
ဤတွင် ယောက်ကျားဖြစ်သူက ဆိုင်ရှင်ဖြစ်သူကို ခင်ဗျားကတောသားလား ဟုမေးလိုက်သည်။

တကယ့် အဖြစ်ပျက်လေးတခုပါပဲဗျာ
**ရိပ်သာ**
နိုင်ငံခြားတွင် အလုပ်လုပ်နေသော သူငယ်ချင်းတယောက် ချစ်သူဆီဖုန်းဆက်တိုင်း ကောင်မလေး၏ မိဘများက ရိပ်သာ သွားနေသည်ဟု ပြောသောကြောင့် သူငယ်ချင်းများ အလယ်တွင် သူ၏ချစ်သူ လိမ်မာရေးခြား ရှိကြောင်း ကြွားရသည်မှာ အမော..
တနေ့ သူ့ ချစ်သူ လက်ထပ်သတင်းကြားလိုက်ရလို့ သူ့ ကိုမေးကြည့် သောအခါ ငိုကြီးချက်မနှင့် ဖြေပုံက ((ရိပ်သာ သွားနေတယ် ဆိုတာ တပ်ထဲကလူပျိုရိပ်သာတဲ့ဗျာ))

## ဘွဲ့တံဆိပ်များပိုင်ရှင်

"ဦးရဲ့ရင်ဘတ်မှာဘွဲ့တံဆိပ်သုံးခုတပ်ထားတာကိုမြင်ပါတယ်။ဘာအတွက် ချီးမြှင့်ခြင်းခံရတာလဲဟင်"

"တတိယတံဆိပ်ကတော့အရင်ကတံဆိပ်နှစ်ခုရထားပြီးသူဖြစ်လို့ထပ်ပေးတာပဲ။ဒုတိယတံဆိပ်ကတော့ပထမတံဆိပ်ရှိပြီးဖြစ်လို့ပဲ၊
အဲပထမတံဆိပ်ကတော့ဘာမှမရသေးလို့ပေးတာပဲကွယ်"

## ဘွဲ့ရမှဖြစ်မယ်

စုပေါင်းလယ်ယာလုပ်သားဟောင်းပီထရော့သည်မိမိ၏မိတ်ဆွေဟောင်းဖြစ်သူခေတ်ပေါ်သူဌေး အီဗန်နော့ထံအကူအညီလာတောင်းသည်။

“ သူငယ်ချင်း ၊ ငါ့သားကိုအလုပ်ကလေးဘာလေးမပေးနိုင်ဘူးလားကွာ ”

“ သူငယ်ချင်းအချင်းချင်းပဲကွာကူညီရမှာပေါ့ ၊
တစ်လကိုရူဘယ်တစ်သန်းခွဲဆိုရင်ကျေနပ်မလား ”

“ များလွန်းတယ်ကွာ ၊
ဒီကောင်အရက်တွေဘာတွေသောက်ပြီးပျက်စီးသွားပါဦးမယ်”

“ ဒီလိုဆိုရင်သူ့လစာကိုငါတစ်သန်းအထိလျှော့လိုက်မယ်၊ ဘယ်နှယ်လဲ”

“
တစ်သန်းလဲသူ့အတွက်များနေသေးတယ်။တစ်လကိုရူဘယ်တစ်သိန်းပေးရင်ကျေနပ်ပါပြီကွာ ”

“ ဟေ့ မင်းရူးနေလား ၊ တစ်လတစ်သိန်းငါပေးခွင့်မရှိဘူးကွ ၊
မင်းသားကတက္ကသိုလ်ဘွဲ့ရမဟုတ်ဘူး ’

## ပြုပြင်ပြောင်းလဲရေး

“ ပြုပြင်ပြောင်းလဲရေးလမ်းစဉ်ကိုခင်ဗျားဘယ်လိုသဘောရသလဲ ”

“ ထောက်ခံပါတယ် ၊ ဒါပေမယ့်စည်းကမ်းချက်နဲ့ပဲထောက်ခံချင်တယ်”

“ ဘာစည်းကမ်းချက်ပါလိမ့်”

“ ကျွန်တော်တို့ဆီမှာအဲဒီလမ်းစဉ်ကိုအကောင်အထည်မဖော်စေချ င်ဘူး ”

**ယုန်ဆုတောင်း**

ယူကရိန်းသားတစ်ယောက်တောလိုက်ထွက်ရာယုန်တစ်ကောင်ကိုမိလာသည် ၊ အိမ်ရောက်သော်မိန်းမကိုပြောသည်။

“ မိန်းမရေ ၊ ဒီယုန်ကိုဆီနဲ့ကျွတ်ကျွတ်ကြော်လိုက်စမ်း ”

“ ဆီမရှိဘူးတော်ရေ ”

“ ဒါဆိုဝက်ဆီနဲ့ကြော်ကွာ ”

“ ဝက်ဆီလည်းမရှိဘူး ”

“ အဲဒါဆိုရေနဲ့ပဲပြုတ်ကြော်လိုက်ကွာ ”

“ မီးမလာဘူးရှင့် ”

ယောကျ်ားဖြစ်သူစိတ်ဆိုးပြီးယုန်ကိုပြတင်းပေါက်မှလွှင့်ပစ်လိုက်သည် ၊ လမ်းပေါ်တွင်နားရွက်နှစ်ဘက်ကိုကားလိုက်ကာယုန်ကဝမ်းသာအားရနဲ့အော်သည်။

“ ယူကရိန်းနိုင်ငံကြီးပွားပါစေ ”

**ဆိုရှယ်လစ်စနစ်**

“ ဆိုရှယ်လစ်စနစ်ဆိုတာဘာလဲ ”

“ အရင်းရှင်စနစ်ဆီကိုသွားတဲ့အရှည်ဆုံးလမ်းပေါ့ ”

## ခိုးတာချင်းအတူတူ

ငွေစက္ကူများထည့်ထားသောစာအိတ်ကိုညွှန့်သည်ကအရာရှိကြီး၏လက်ထဲသို့ကမ်းပေးလိုက်သည်၊ အရာရှိကြီးကအသံမာမာဖြင့်ပြောသည်။

“ ဘာလဲ၊ ဒါလာဘ်ပေးတာလား ”

ညွှန့်သည်
သည်အရာရှိကြီး၏စကားကြောင့်တုန်လှုပ်သွားပြီးမိမိ၏စာအိတ်ကိုပြန်ယူရန်ကြိုးစားသည်၊ အရာရှိကြီးကလက်ဖြင့်တားပြီးဆက်ပြောသည်။

“ ခင်ဗျားကံကောင်းတယ်၊ ကျုပ်ကလာဘ်ယူတတ်တဲ့လူဖြစ်နေတယ် ”

## ကွယ်ရာမှာတစ်မျိုးရှေ့မှာတစ်မျိုး

“ကွယ်ရာမှာခင်ဗျားအထက်အရာရှိကိုခင်ဗျားဝေဖန်တာရစရာမရှိဘူး၊အဲအစည်းအဝေးမှာကျတော့ သူ့ကိုခင်ဗျားပဲချီးမွမ်းပြန်တယ်၊ ဘယ်လိုလဲ ”

“ ဘာသဘောမှမဟုတ်ဘူး ၊ စကားတစ်ခွန်းကိုနှစ်ခါထပ်မပြောချင်လို့ ”

## နောက်တစ်ခေါက်အရောက်လာပါဦး

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား–

မကြာမီကဥက္ကဋ္ဌကြီးရောက်ရှိခဲ့တဲ့မြို့မှမြို့သူမြို့သားများကကျေးဇူးကုဋ္ဌေကုဋ္ဌာ
ဖြင့်ဤစာကိုရေးသားလိုက်ခြင်းဖြစ်ပါတယ်။
ကျွန်တောက်တို့မြို့သို့အလည်အပတ်လာရောက်မည်ဆိုသည်ကိုဥက္ကဋ္ဌကြီးသုံး
ရက်သာကြိုတင်၍အသိပေးခဲ့သည်မှန်သော်လည်းမြို့နယ်အာဏာပိုင်အဖွဲ့အစည်းမှ
ပုဂ္ဂိုလ် များသည်ဤအချိန်တိုလေးနှင့်ပင်ဆိုဗီယက်အာဏာတည်သည့်ကာလ
တစ်လျှောက်လုံးအတွင်းလုပ်ဆောင်နိုင်ခဲ့ သည်ထက်ပို၍
မြို့၏စည်ပင်သာယာဝပြောရေးကိစ္စကိုဆောင်ရွက်နိုင်ခဲ့ကြပါသည်။

ပထမဦးဆုံးအနေနှင့်လူကြီးမင်းအားတင်ဆောင်လာသောမော်တော်ယာဉ်ဖြတ်သန်း
သွားမည့်လမ်းတစ်ဖက်တစ်ချက်ရှိအိမ်များအားလုံးကိုဆေးသုတ်ခဲ့ပါသည်၊
သို့သော်လူကြီးမင်းသည်စီစဉ်ထားသည့်ခရီးစဉ်အတိုင်းသွားလေ့မရှိကြောင်းတစ်စုံ
တစ်ဦးကသတိပေးလာပါသည်။
သို့ဖြင့်မြို့အာဏာပိုင်တို့သည်အခြားအိမ်များကိုပါဆေ းသုတ်ခဲ့ကြရပါသည်။
ဤကိစ္စတွင်မည်မျှကြိုးစားအားထုတ်ခဲ့ကြသနည်းဟူမူအချို့အိမ်တို့၏ပြတင်း
ပေါက်မှန်များကိုပါဆေးသုတ်မိကြပါသည်။

ဒုတိယအချက်အားဖြင့်ဥက္ကဋ္ဌကြီးမရောက်မီလမ်းများအားလုံးမီးလင်းလာပါသည်။
နိုင်လွန်ကတ္တရာလမ်းများဖြစ်ကုန်ကြပါသည်။ပတ်ဝန်းကျင်
လူကြီးမင်းမရောက်မီတစ်ညအလိုတွင်မြေအောင်ဖြတ်ကူးလမ်း၃၆၅–
ခကိုဖောက်လုပ်ပြီးသားဖြစ်သွားပါသည်။
မြို့ပေါ်ရှိဆိုင်များတွင်မပြုန်းတီးရအောင်ထိန်းသိမ်းစောင့်ရှောက်ရမည့်ပစ္စည်းစာရင်း
ထဲသို့အချိန်တော်တော်ကြာကြာကတည်းကသွတ်သွင်းပြီးဖြစ်သည်ဟု
ကျွန်တော်တို့ထင်မှတ်ခဲ့သောကုန်ပစ္စည်းများကိုတွေ့လာရပါသည်။
ဆိုင်ပေါ်တင်လာသောပစ္စည်းများထဲတွင်အင်္ဂတေ်ဘေးကြုံတွေ့ရသောအာဖရိကဒုက္ခ
သည်တို့အတွက်စားနပ်ရိက္ခာများကိုသယ်ဆောင်လာသော
ဗြိတိသျှသင်္ဘောကျွန်တော်တို့မြို့နှင့်မနီးမဝေးနိုင်ငံတကာ
ရေပြင်ပိုင်နက်တွင်လွန်ခဲ့သည့်၁၂–နှစ်ကနစ်မြုပ်ခဲ့စဉ်
နောက်ဆုံးအကြိမ်မြင်ခဲ့ကြရသောစည်သွပ်ဘူးများပင်ပါရှိခဲ့သည်။

တတိယအချက်အားဖြင့်လွန်ခဲ့သောငါးနှစ်စီမံကိန်းကာလကတည်းကအခမ်းအနား ဖြင့်ဖွင့်လှစ်ပြီးကြောင်းအာဏာပိုင်တို့အ ထက်သို့အစီရင်ခံခဲ့သည့်တံတားကိုလည်း ဆောက်လုပ်ရေးလုပ်သားတို့အပြီးသတ်ဆောက်လုပ်ခဲ့ကြပါသည်။ထိုစဉ်ကယင်းတံ တားကိုတခမ်းတနားဖွင့်လှစ်ခဲ့ရာတွင်တံတားဆောက်လုပ်ရေးကော်မရှင်အဖွဲ့ခေါင်း ဆောင်က ဖဲကြိုးဖြတ်အပြီးတံတားလည်းကမ်းမှလွတ်ကာ
ကော်မရှင်အဖွဲ့ဝင်များနှင့်အတူ ရေစီးကြောင်းအတိုင်း
မျောပါသွားခဲ့ပါသည်။

နောက်ဆုံးအချက်အားဖြင့်လေဆိပ်မှအလာလမ်းတလျှောက်လုံးကို
ကွန်ဆိုမိုကွန်မြူနစ်လူငယ်အဖွဲ့မှတာဝန်ရှိပုဂ္ဂိုလ်တို့ကမိမိတို့၏ကိုယ်ပိုင်ဖုံစုပ်စက် များဖြ င့်သန့်ရှင်းရေးလုပ်ခဲ့ကြပါသည်။
အလုပ်သမားသမဂ္ဂအဖွဲ့မှတာဝန်ရှိပုဂ္ဂိုလ်များကမူအနီးအနားသစ်တောတို့တွင်
အမှိုက်သရိုက်များရှင်းကြ ပါသည်။
သစ်ပင်အားလုံးမှသစ်ရွက်များကိုအစိမ်းရောင်သုတ်ခဲ့ကြပါသည်။
မြို့ပေါ်ရှိအထိမ်းအမှတ်ကျောက်တိုင်နှင့်ရုပ်တုများကိုယူဂိုစလားဗီးယားနိုင်ငံလုပ်
ခေါင်းလျှော်ရည်ဖြင့်ဆေးကြောခဲ့ကြပါသည်။
မည်မျှဆေးကြောလိုက်ကြသနည်းဆိုသော်.......

ထိုမျှမကသေးပါ ।
ဥက္ကဋ္ဌကြီးအမျက်တော်ရှမည်ကိုစိုးရိမ်ကြသဖြင့်မြို့နယ်ခေါင်းဆောင်အများအပြား သည်မိမိတို .ပိုင်အနားယူအိမ်များကိုနိုင်ငံတော်သို့လွှဲပြောင်းပေ းပါသည်။
ထိုရက်များအတွင်းတွင်အချို့သောအနားယူအိမ်များကိုမူကြိုကျောင်းနှင့်
ကလေးထိန်းဌာနများအဖြစ်ဖွင့်လှစ်လိုက်ကြပါသည်။
မြို့နယ်ကော်မတီဌာနမှူးကြီးတစ်ဦး၏အနားယူအိမ်ကိုလေဆိပ်အဆောက်အဦသစ် အဖြစ်အသုံးချနိုင်အောင်ပြင်ဆင်နိုင်ခဲ့ ပါသည်။
၎င်းအနားယူအိမ်မှသခွားခင်းကို“ အီလူးရှင်း–၈၆ ”
လေယာဉ်အဆင်းအတက်လုပ်နိုင်အောင်ကွန်ကရစ်လောင်းခဲ့ပါသည်။

ကျွန်တော်တို့၏အခြားခေါင်းဆောင်များကလည်းအသိတရားဝင်ကာ
အကောင်းဘက်ပြောင်းလာကြပါသည်။
“ခေါင်းဆောင်ကောင်းတို့မည်သည်ကိုယ်ပိုင်အမြင်ရှိရမည်၊ဤသို့ခေါင်းဆောင်မျိုး ကိုသာလိုလားသည် ”
ဟူသည့်လူကြီးမင်း၏သဘောထားကိုအားလုံးကသိနားလည်ထားကြသည်
့အတိုင်းကျွန်တော်တို့၏ခေါင်းဆောင်များသည်
မြို့နယ်ပါတီယူနစ်ကော်မတီရုံးတွင်သုံးရက်ကြာအစည်းအဝေးထိုင်ကာကိုယ်ပိုင်
အမြင်များကိုညှိနှိုင်းဆွေးနွေးကြပါသည်။

ထိုနောက်ငင်းကိုဒေသပါတီရုံးတွင်အတည်ပြုချက်ရယူကြပါသည်။

မွေးမြူရေးကိစ္စကို
ဥက္ကဌကြီးကောင်းစွာနားလည်သည့်အချက်ကိုလည်းအားလုံးသိကြ ပါ သည်၊
ထို့ကြောင့် “ နွားမတွင်နို့သီးဘယ်နှစ်ခုပါသနည်း ”
ဆိုသည့်ခေါင်းစဉ်ဖြင့်မွေးမြူရေးဘက်ဆိုင်ရာပညာရှင်တို့၏နှီးနှောဖလှယ်ပွဲကိုကျင်းပခဲ့ပါသည်။
ထိုအခါမှစုပေါင်းလယ်ယာစီမံကိန်းအကောင်အထည်ဖော်ရေးအတွက် ပစ္စည်းမဲ့နွားမတွင်နို့သီးလေးခုသာပါရှိကြောင်းထွက်လာပါသည်။

အစွန်းရောက်ကုန်သည်များလည်းရှိခဲ့ပါသည်။
ဥပမာအားဖြင့်လူကြီးမင်းမရောက်လာမီတစ်ညအလိုတွင်ဘာကြောင့်မှန်းမသိ၊
လူထုကာကွယ်ရေးလေ့ကျင့်မှုကိုပြုလုပ်ပါသည်။
သို့သော်လည်းအရေးပေါ်အချက်ပေးစနစ်ပျက်သွားပါသည်။ဤအထဲခဓာတ်ငွေ့မသင့်အောင်ကာကွယ်သည့်ကိရိယာများပါချွတ်ယွင်းနေပါသည်။
(အသက်ရှုထုတ်လိုသာရပြီးအသက်ရှုသွင်းချင်သည့်အခါတိုင်းကိရိယာကိုမျက်နှာမှချွတ်ပြီးရှုကြရသည်။) ထို့ကြောင့်နံနက်သုံးနာရီရောက်မှအဖွဲ့ခေါင်းဆောင်သည်
“ သတိ၊ ညကြလီးယား ပေါက်ကွဲပြီ၊ အားလုံးဝပ်ကြ ”
ဟုအသံကုန်ဟစ်၍အော်ရပါသည်။
ထိုအခါမြို့သူမြို့သားများအားလုံးအိမ်မှထွက်ကာမြေမှာ ဝပ်ကြပါသည်၊
ဤသို့ဝပ်ရာတွင်ဓာတ်ရောင်ခြည်မသင့်အောင်မျက်နှာကိုလက်ဝါးဖြင့်စနစ်တကျဖုံးကွယ်ကြပါသည်။
အကျႌကြယ်သီးများကိုလည်းအစုံအစေ့တပ်ကြပါသည်။ခန့်မှန်းသည်ထက်အချိန်အတော်နောက်ကျမှလေ့ကျင့်ခန်းလုပ် ကြရသဖြင့်
မြို့သူမြို့သားထက်ဝက်ခန့်မှာတန်းဖြုတ်သည်ကိုစောင့်ရင်း
နောင်တစ်နေ့ရုံးတက်နောက်ကျကုန်ပါသည်။

ထို့ပြင်ကျွန်တော်တို့မြို့ရှိဆောက်အဦသစ်များ၏ပုံလေးပုံပါရှိသောအမှတ်တရလက်ဆောင်စာအုပ်ငယ်ကိုထုတ်ဝေပါသည်။
ပုံလေးပုံဖော်ပြထားသော်လည်းတစ်ခုတည်းသောအဆောက်အဦသစ်
ကိုလေးဘက်လေးတန်မှရိုက်ကူးထားခြင်းဖြစ်ပါသည်။
တစ်ခုတည်းသောဟင်းသီးဟင်းရွက်ဆိုင်ကိုလည်းဥက္ကဌကြီး၏မော်တော်ယာဉ်ဖြတ်သွားမည့်လမ်းတစ်လျှောက်မြင်သာ အောင်ခပ်လှမ်းလှမ်းမှနေ၍
ကားဖြင့်တင်ဆောင်မောင်းနှင်ခဲ့ပါသည်။

နောက်ဆုံးအချက်အားဖြင့်လူကြီးမင်းသည် “ ပြတိုက်များဆီသို့သွားတတ်သည် ၊ ပြတိုက်အထားအသိုအခြေအနေမည်သို့ရှိသည်ကိုစူးစမ်းလေ့လာတတ်သည် ” ဟူသည့်သတင်းစကား ထွက်လာပါသည်။
ထိုသို့သတင်းစကားပေါ့က်လာသည်နှင့်မဆိုင်းမတွမှာပင် အုတ်ဖုတ်အတတ်ပညာဆိုင်ရာစက်မှုသင်တန်းကျောင်းမှဆင်းပြီး ၊ မြို့နယ်ယဉ်ကျေးမှုဌာနမှူးရာထူးရထားသူ၏အမိန့်ဖြင့်“ အန်ကွန်ပါးဗလိုဗစ်ချ်ချက်ကော့ဖ် ” (ရုရှားစာရေးဆရာကြီး ၁၈၆၀–၁၉၀၄ ) နေထိုင်ခဲ့သည့်အိမ်ဟောင်းကိုကရိန်းစက်ဖြင့်ဖျက်ကာငင်းနေရာတွင်ချက်ကော့ဖ်နေထိုင်ခဲ့သည့်အိမ်သစ်ကိုဆောက်လုပ်ခဲ့ ပါသည်။
ပြတိုက်ရှေ့မျက်နှာစာတွင်ချက်ကော့ဖ်၏ရုပ်တုကိုစိုက်ထူလိုက်ပါသည် ၊ ရုပ်တုမှာ မကြာမီကကျင်းပခဲ့သည့်ပါတီဗဟိုကော်မတီအစည်းအဝေးသို့ တင်သွင်းခဲ့သည့်ဥက္ကဋ္ဌကြီး၏အစီရင်ခံစာကို ထောက်ခံသည့်မျက်လုံးများဖြင့်ဖတ်နေပါသည်။

သို့သော်ဤသို့ဖြစ်ရသည်များအတွက်ခေါင်းဆောင်များကို ကျွန်တော်တို့စိတ်မဆိုးကြပါ။
ယနေ့အခြေအနေတွင်၎င်းတို့မည်မျှအခက်ကြုံနေရသည်ဆိုသည်ကို ကျွန်တော်တို့ကိုယ်ချင်းစာကြ၍ဖြစ်ပါသည်။
စံပြခေါင်းဆောင်များဖြစ်ကြရမည်ဟု၎င်းတို့ကိုဥက္ကဋ္ဌကြီးမှပြောသော်လည်း ဤလုပ်နည်းလုပ်ဟန်အဟောင်း ၊ ခံယူချက်အဟောင်းတို့ကို ပြောင်းပစ်ရမည်ဆိုသော်လည်း အချိန်ကန့်သတ်ချက်မပေးခဲ့ပါ။
ထို့ကြောင့်အစောကတည်းကမိမိတို့ပြောင်းပြီးဖြစ်ပါသည် ဆို သည်ကိုဥက္ကဋ္ဌကြီးအားမည်သည့်အချိန်တွင်အစီရင်ခံရမည်နည်းဆိုသည်ကို ၎င်းတို့မခန့်မှန်းတတ်အောင်ဖြစ်နေကြပါသည်။
ဤမျှသာမကပါ။
ရှေ့သို့သာချီတက်ပါဟုအခွင့်ကြုံတိုင်းလူကြီးမင်းကပြောသော်လည်း ရှေ့ဘယ်မှာရှိသည်ကို၎င်းတို့အားမရှင်းပြပါ။
ဤသို့မရှင်းပြဘဲနှင့်သူတို့ဘယ်လိုမှသိနိုင်ရာကြမည်မဟုတ်ပါ။
ဤအချက်ကိုသဘောပေါက်စေချင်ပါသည်။
ကျွန်တော်တို့မြို့၏အစဉ်အလာကိုတင်ပြလိုပါသည်။
အနုပညာပါရမီရှိသူသည်အနုပညာနယ်ပယ်သို့ဝင်ရောက်လုပ်ကိုင်ကြပါသည်။
စာတော်သူသည်သိပ္ပံပညာဖက်ရောက်ကြပါသည်။
ထုတ်လုပ်ရေးဖက်အားသန်သူဆိုပါကထုတ်လုပ်ရေးကဏ္ဍသို့ဝင်ကြပါသည်။
ငယ်ငယ်တုန်းကအပျင်းထူပြီးဘာအစွမ်းအစမှမပြနိုင်ခဲ့သူသည်ကွန်ဆိုမိုကွန်မြူနစ်လူငယ်အဖွဲ့ ၊အလုပ်သမားသမဂ္ဂအဖွဲ့များထဲသို့ ဝင်ရောက်ပြီး

အထက်ပါအစွမ်းအစရှိသူများအ ားခေါင်းဆောင်မှုပေးကြပါသည်။
ဤကဲ့သို့ခေါင်းဆောင်မှုပေးသောကြောင့်ထင်ပါသည် ၊
လောလောဆယ်အထိထိုပုဂ္ဂိုလ်တို့၏အစွမ်းအစများပျောက်ကွယ်
သွားခြင်းမရှိသေးပါ။

ခြုံ၍ဆိုရမည်ဆိုလျှင်
ကျွန်တော်တို့မြို့သို့လာရောက်လည်ပတ်ခဲ့သည့်အတွက်ဥက္ကဋ္ဌကြီးအားအထူး
ကျေးဇူးတင်ပါသည်။
ကျွန်တော်တို့၏မြို့သည်လှပလာပါသည်။
စိမ်းလန်းစိုပြည်နေချင့်စဖွယ်ဖြစ်လာပါသည်။အနီးအနားစုပေါင်းလယ်ယာများသို့
လေယာဉ်များစတင်ပျံသန်း လာပါသည်။
ဂျာမန်များဆုတ်ခွာစဉ်ကဖြတ်တောက်ဖျက်စီးခဲ့သော
ကျွန်တော် တို့မြို့နှင့်အခြားမြို့များအကြားတယ်လီဖုန်းလိုင်း ကိုလည်း
ပြန်လည်သွယ်တန်းနိုင်ခဲ့ပါသည်။

မှန်ပါသည်။
ဥက္ကဋ္ဌကြီးပြန်သွားပြီးသည့်နောက်ဆိုင်များတွင်ကုန်ပစ္စည်း
များကြက်ပျောက်ငှက်ပျောက်ဖြစ်ကုန်ပြန်ပါသည်။
သို့သော်ကိစ္စမရှိပါ။ဥက္ကဋ္ဌကြီးရောက်ရှိနေသည့်အချိန်အတွင်းတွင်မြို့သူမြို့သားအား
လုံး သုံး နှစ်စာကြိုတင်ဝယ်ယူထားပြီးဖြစ်၍ဖြစ်ပါသည်။
ဥက္ကဋ္ဌကြီးအားကြိုတင်၍အနူးအညွှတ်မေတ္တာရပ်ခံချင်ပါသည်။
နောက်သုံးနှစ်ကြာလျှင်ကျွန်တော်တို့မြို့သို့နောက်တကြိမ်အလည်လာစေလိုခြင်းဖြစ်
ပါသည်။
ထိုအချိန်ရောက်လျှင်ဆေးပြယ်၍အိမ်များလည်းအရုပ်ဆိုးဖြစ်လောက်ပါပြီ။အထိမ်း
အမှတ်ရုပ်တုလည်းဖုံလူးညစ်တူးနေလောက်ပါပြီ။
တံတားလည်းကမ်းမှလွတ်ကာရေထဲမျောပါမည့်အခြေအနေမျိုးပြန်ဖြစ်လောက်ပါပြီ။
အသစ်မွေးလာသည့်ကလေးများအတွက် မူကြိုကျောင်းနှင့်
ကလေးထိန်းဌာနအသစ်များလည်းလိုအပ်ချိန်တန်လောက်ပါပြီ။
ဥက္ကဋ္ဌကြီးသည်ကြီးလေးသောတာဝန်ကိုထမ်းဆောင်နေသူဖြစ်၍
မအား းလ ပ်ကြောင်းကျွန်တော်တို့နားလည်ပါသည်။
ကျွန်တော်တို့ကဲ့သို့ပင်ဥက္ကဋ္ဌကြီးအလည်လာမည့်ရက်ကိုတန်းစီစောင့်နေသောအခြား
မြို့များလည်းရှိနေသေးသည်ဆိုသည် ကိုသိပါသည်။
ထို့ကြောင့်ဥက္ကဋ္ဌကြီးမလာနိုင်သည်ထားဦးလာမည်ဟုသာ
ကျွန်တော်တို့မြို့အာဏာပိုင်များအားအကြောင်းကြားစေ လိုပါသည်။
ထိုအခါငင်းတို့သည်လုပ်သားပြည်သူတို့အတွက်တစ်ခုခုတော့
မလွှဲမရှောင်သာလုပ်ပေးကြရမည်ဖြစ်ပါသည်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား ၊
အကယ်၍အပန်းမကြီးဟုဆိုပါကဥက္ကဋ္ဌကြီး၏လက်ထောက်တစ်စုံတစ်ယောက်မှတစ်ဆင့်ဥက္ကဋ္ဌကြီးသည်လုပ်သားပြည်သူတို့၏အိမ်ခန်းထဲသို့လည်းဝင်ကြ ည့်တတ်သည်၊
အိမ်မှာရေနွေးလာမလာကိုစစ်ဆေးတတ်သည်ဟုအသံလွှင့်စေလိုပါသည်။ကျွန်တော်တို့အားလုံးရေနွေးစပ်၍အားရပါးရရေချိုးချင်လှပါသည်ခင်ဗျား။
× × × × × × × × × × × × × × × × × ×

## လိုတာပြောပါ

လူကြီးတစ်ယောက်နာရီဆိုင်သို့ရောက်လာပြီးအရောင်းစာရေးကိုပြောသည်။

“ ကျွန်တော်တို့ရုံးအတွက်နာရီတစ်လုံးဝယ်ချင်တယ် ”

“ တိုင်ကပ်နာရီယူမလား ၊ နှိုးစက်နာရီယူမလား ”

## မလိမ်နဲ့

ကဖေးဆိုင်၏ထပ်ခိုးတွင်ပိုကာဝိုင်းဖြစ်နေသည်။ရုတ်တရက်ကစားသမားတစ်ယောက် ခါးမှခြောက်လုံးပြူးကိုထုတ်ကာလက်ထိပ်ကလူကိုချိန်သည်။

“ဖဲလိမ်ရိုက်တဲ့လူကိုကျုပ်သိပ်မုန်းတယ်၊
ကျွန်တော်ဝေတဲ့ဖဲတွေမဟုတ်ဘဲဘာဖြစ်လို့တခြားဖဲတွေခင်ဗျားဆီရောက်နေရတာလဲ၊ မှန်မှန်ပြောစမ်း ”

## ထပ်ပေးဦး

ယူကရိန်းသားတစ်ယောက် ဆေးဆိုင်တွင် အရောင်းစာရေးမအား ပြောနေသည်။

'ကျွန်တော့်ကို ကွန်ဒုံး အခု ၁၀၀ပေးပါ။'

ဆိုင်ရှေ့မှ ဖြတ်သွားသောကောင်မလေးနှစ်ယောက် ကြားသောအခါ ရီကြလေသည်။
ယူကရိန်းသားက ထိုကောင်မလေးနှစ်ယောက်အားကြည့်ပြီး

'နောက်ထပ်နှစ်ခု ထပ်ပေးဦး'

## အကြံပေးချင်တယ်

ရိုးသားသည်နှင့်အမျှအလုပ်ကိုကြိုးစားလုပ်သောကိုမြမောင်သည် ရုံးသို့လာတိုင်း ဘိုသီဘတ်သီနိုင်လှသည်၊
လုံချည်မှာမီးပူတိုက်ထားခြင်းမရှိ၍ကြေမွနေသည်၊ရှပ်အင်္ကျီမှာလည်းဤအတိုင်းပင်ဖြ ဖစ်သည်။
ပင်နီတိုက်ပုံဆိုလျှင်ဟိုနေရာ သည်နေရာ၌မင်စွန်းရာများထပ်နေသည်။

ရုံးအရာရှိကြီးကဌင်းကိုစေတနာဒေါသောဖြင့်ပြောသည်။

" ကိုမြမောင်ခင်ဗျားအိမ်ထောင်ရှိမရှိတော့ကျွန်တော်မသိဘူး ၊
ဘာပဲဖြစ်ဖြစ်ခင်ဗျားကိုကျွန်တော်အကြံပေးချင်တယ်၊ခင်ဗျ
ားလူပျိုကြီးဆိုရင်မိန်းမယူလိုက်၊ အဲ မိန်းမရှိပြီးသားဆိုရင်သူ့ကိုကွာလိုက် "

## မတူကြဘူး

" ခင်ဗျားခွက်ထဲဝီစကီထပ်ထည့်ပေးရမလား"

" ဟင့်အင်းမထည့်နဲ့၊ ကျွန်တော်ဝီစကီသောက်ပြီးရင်ညအိပ်လို့မရဘူး"

" ကျွန်တော်ကတော့ခင်ဗျားနဲ့ဆန့်ကျင်ဘက်ပဲ ၊
အိပ်နေတုန်းကျွန်တော်ဝီစကီသောက်လို့ရဘူး"

**ကုန်းတော့ပေါ်**

အမေရိကန်နိုင်ငံမှလုထုအမြင်ကောက်ခံရေးတက္ကသိုလ်၏ပါမောက္ခချုပ်ထံ လူငယ်တစ်ဦးရောက်လာပြီးမိမိ၏လေ့လာချက်အကြောင်းကိုပြောပြသည်။

“အမျိုးသမီးပေါင်းနှစ်ထောင်တိတိကိုကျွန်တော်ကိုယ်တိုင်
လေ့လာဆန်းစစ်ချက်အရ
ခိုင်မာတဲ့ကောက်ချက်တစ်ခုကိုကျွန်တော်ရတယ် ၊
အဲဒါကဘာလဲဆိုတော့အမျိုးသမီးထုရဲ့ ၁၇–
ရာခိုင်နှုန်းဟာအတွင်းခံဘောင်းဘီကိုမဝတ်ကြဘူးဆိုတဲ့အချက်ပဲ။ ”

“ ဘာလဲ ခင်ဗျားက စာရင်းအင်းဌာနကဝန်ထမ်းလား ”

“ မဟုတ်ဘူး ၊ အမျိုးသမီး ဖိနပ်ဆိုင်မှာ ဈေးရောင်းတဲ့သူ ”

လူဟာမျောက်ကဆင်းသက်တယ်

“ လူဟာမျောက်ကဆင်းသက်တယ်ဆိုတာအမှန်ပဲလားဟင် ”

“ အမှန်ပဲ ”

“ အင်းဒါကြောင့်ထင်တယ် ၊ မျောက်တွေနည်းသွားလိုက်တာ ”

**စာရေးတဲ့အချိန်**

“ လူကြီးမင်းရဲ့တစ်နေ့တာအချိန်ဇယားဘယ်လိုရှိပါသလဲ ”
ဟုသတင်းထောက်ကမေးရာနာမည်ကြီးစာရေးစရာကအောက်ပါအတိုင်းဖြေလိုက်သည်။
“ မနက် ၁၁–နာရီမှာ အိပ်ရာကထတယ် ၊ ၁၂–တိတိမှာ နံနက်စာစားတယ် ၊
အဲဒီနောက်လာတဲ့စာတွေကိုဖတ်ကြည့်တယ် ၊
တယ်လီဖုန်းတွေလာတာကိုဖြေတယ် ၊ နောက်ပန်းခြံထဲဆင်းလမ်းလျှောက်တယ် ၊
နေ့လယ်စာစားတယ် ၊ ပြဇာတ်သွားကြည့်တယ် ၊
ပြန်လာတာနဲ့အိပ်ရာထဲဝင်တာပဲ ”
“ အဲဒီလိုဆိုဘယ်အချိန်မှာစာရေးသလဲခင်ဗျာ ”

“ ဘယ်အချိန်မှာရေးရမလဲ ၊ နောက်နေ့မှာပေါ့ဗျ ”

**ပွဲစား**

“ ပွဲစားဆိုတဲ့စကားလုံးကိုအဓိပ္ပါယ်ဖွင့်ပြပါ ”

“ ဥပဒေဘောင်ထဲကခေါင်းပုံဖြတ်သမား ”

**အသက်ပြည့်မှ**

“ အဖွားရေ ၊ အင်မတန်စိတ်င်စားစရာကောင်းတဲ့ရုပ်ရှင်ကားတစ်ကားကို
သမီးဒီနေ့ကြည့်ခဲ့ရတယ်”

“ ဇာတ်လမ်းကိုပြန်ပြောပြစမ်း ”

“ မပြောနိုင်ဘူး ၊ သမီးမှ ၁၈–နှစ်မပြည့်သေးပဲဥစ္စာ ”

**မရှိလေကြောက်လေ**

“ ရှိသမျှလက်နက်အားလုံးနီးပါးကို ကျွန်တောက်တို့ဖျက်သိမ်းလိုက်ပြီ ၊
ဒါပေမယ်. အနောက်အုပ်စုက ကျုပ်တို့ကိုကြောက်တုန်းပဲ ”

“ မထူးဆန်းပါဘူး ၊
ဗိုက်ဟောင်းလောင်းဖြစ်နေတဲ့လူဟာကြောက်စရာအကောင်းဆုံးမဟုတ်လား ”

**မြစ်နဲ့ပင်လယ်**

ကမ်းတစ်ဖက်ပဲရှိရင် ပင်လယ် ၊ ကမ်းနှစ်ဖက်ရှိရင်မြစ်။

**ပိန်စာ**

“ ပိန်လိုသူတို့အတွက် အထူးထုတ်လုပ်လိုက်တဲ့
စည်သွတ်ဘူးအသစ်အကြောင်းကြားပြီးပလား ၊
မကြားရသေးရင်ပြောပြမယ် ၊ စည်သွတ်ဘူးကိုဖွင့်လိုက်တယ် ၊
အထဲမှာဘာမှမပါဘူး ”

**အခုမှသိတယ်**

ကိုချူချာ၏ ဇနီးသည် ၁၂–ယောက်မြောက်ကလေးကို မွေးဖွားပြီးနောက် ဆေးရုံမှဆင်းရန်ပြင်သည် ၊
သူနာပြုဆရာမက မချူချာကိုလိုက်ပို့ရင်းပြောသည်။

“ ကိုင်းမချူချာ ၊ နောက်နှစ်ဒီအချိန်လောက်မှာပဲ ကျွန်မတို့တွေ့ကြဦးမယ်နော် ”

“ ဟင့်အင်းကျွန်မတို့တွေ့ကြမှာမဟုတ်တော့ဘူး ”

“ ဘာဖြစ်လို့မတွေ့တော့ဘူးလို့ရဲရဲကြီးပြောနိုင်တာလဲ ”

“ ကလေးဘာကြောင့်မွေးတယ်ဆိုတာကို ကျွန်မနဲ့ကျွန်မယောက်ျားတို့ အခုသဘောပေါက်သွားပြီရှင့် ”

**တွေ့ခဲ့ရသောကြော်ငြာများ**

တိရစ္ဆာန်ရုံရှေ့ – ဝက်ဝံကိုမထိပါနှင့် ၊
၎င်းသည်ကုတင်ဘေးကကော်ဇောမဖြစ်သေးပါ။

လေဆိပ်အတွင်း – အချိန်မှီဖက်ရမ်းနှုတ်ဆက်ကြပါ ၊
လေယာဥ်များသတ်မှတ်ချိန်တွင်အတိအကျထွက်လိမ့်မည်။

ပန်းဆိုင်တံခါးရှေ့– အိမ်ထောင်ရှင်ယောက်ျားများပင်ဝယ်ချင်စိတ် ပေါ်လောက်အောင် ကျွန်ုပ်တို့ဆိုင်ကပန်းများဈေးနှုန်းချိုသာပါသည်။

တယ်လီဖုန်းရုံရှေ့ – သတ်ပုံအမှားကိုရှောင်ရှားလိုလျှင်စာမရေးပါနှင့် ၊
တယ်လီဖုန်းပဲဆက်ပါ။

**လက်ဆောင်ပေးရင်သုံးရတယ်**

အဘိုးကြီးနှင့်အဖွားကြီးလင်မယားနှစ်ယောက်စကားပြောနေကြသည်။

“ မစိန် ၊ မနက်ဖြန်မင်းမွေးနေ့မှာငါဘာလက်ဆောင်ပေးရမလဲပြော ”

“ သချိုင်းမှာ ကျွန်မအတွက်မြေတစ်နေရာဝယ်ပေးထားပါတော်”

နောက်တစ်နှစ်ကြာသော် အဘွားကြီးကအဘိုးကြီးကိုပြောသည်။

“ ကိုမြ ၊ မနက်ဖြန်ကျွန်မမွေးနေ့ ၊ အဲဒါဘာလက်ဆောင်ပေးမလဲပြော ”

“ ဘာမှမပေးဘူး ၊ မနှစ်ကငါပေးတဲ့လက်ဆောင်ကိုတောင်
မင်းအခုထိအသုံးမပြုရသေးဘူး ”

**ခက်အောင်မလုပ်ပါနဲ့**

စိတ်ရောဂါအထူးကုဆရာဝန်၏ဆေးခန်းရှေ့တွင်ချိတ်ထားသောစာတန်း။

“ဆရာဝန်နှင့်တွေ့ရန်စောင့်နေကြသောလူနာများခင်ဗျား ၊
မိမိတို့ခံစားနေရသောရောဂါလက္ခဏာများကို အချင်းချင်းမဖလှယ်ကြပါနှင့် ၊
ရောဂါဇစ်မြစ်ကိုဖော်ထုတ်ရာတွင်အခက်အခဲဖြစ်စေနိုင်ပါသည်။ ”

**နပိုလီယံ**

ကျောင်းသားလေးတစ်ယောက်၏စာစီစာကုံးမှကောက်နုတ်ချက် ။

“ နပိုလီယံသည် ဧကရာဇ်မင်းနှင့်စစ်ဗိုလ်ချုပ်ကြီးဖြစ်သည် ၊
၎င်းအပြင်အရူးတော်တော်များများ၏ဆင်းပွားနာမည်လည်းဖြစ်သည် ”

**မထိုးဘူး**

မရန်းပင်ပေါ်ရောက်နေသောမောင်နီကတစ်ဘက်ခြံမှသူငယ်ချင်းဖြစ်သူမောင်ကြွက်
ကို လှမ်းအော်ပြောသည်။
“ ဟေ့ငကြွက်၊ မင်းကိုဆေးထိုးဖို့ဆရာဝန်လာနေပြီဟေ့ ။

“ ကျေးဇူးပဲ ငနီ ၊ အိမ်ကခွေးကိုအခုပဲကြိုးဖြေပေးလိုက်မယ် ”

## အကြွေး ရှင်လာပြီ

တောရွာတစ်ရွာရှိအရက်ဆိုင်တွင်ဖြစ်သည် ။
အီဇန်သည်အရက်သောက်နေသူများကိုငေးကြည့်နေသည်၊
မိမိကိုယ်တိုင်မူမသောက်ချေ၊ ဆိုင်ရှင်ကဒင်းအနားကပ်လာပြီးမေးသည်။

" ဟေ့ အီဇန်ဘာလို့မသောက်တာလဲကွ "

" ပိုက်ဆံမရှိလို့ပါ ၊ အဲ– အိမ်ကနွားသားလေးကိုရောင်းပြီးရင်တော့လား
စိတ်ကြိုက်သောက်လိုက်စမ်းမယ် "

အရက်ဆိုင်ရှင်၏မျက်လုံးများကျယ်လာသည်။

" ဒီလိုလုပ်၊ မင်းကိုငါအရက်အကြွေးရောင်းမယ်လေ၊နွားလေးရောင်းပြီးမှ
ပြန်ဆပ်ပေါ့။"

ဆိုင်ရှင်ကအရက်ငှဲ့ပေးလိုက်သည်၊ အီဇန်မနားတမ်းမော့ချလိုက်သည်၊
နောက်နေ့များတွင်လည်းအီဇန်ပုံမှန်လာသောက်သည်။ ၇
ရက်တိတိကြာသွားသည်၊ ဆိုင်ရှင်ကပြောသည်။

" အီဇန်၊ မင်းကိုငါတိုက်တဲ့အရက်ဖိုးဟာ
နွားသားလေးရဲ့တန်ဖိုးနဲ့ညီတူညီမျှဖြစ်နေပြီကွ၊ အဲဒါကြောင့်
ငါ့ကိုမင်းရဲ့နွားသားလေးပေးပါတော့ "

အီဇန်နှင့်အတူ အီဇန်၏အိမ်သို့ဆိုင်ရှင်လိုက်လာသည်၊ အိမ်ရှေ့ရောက်သောအခါ
အီဇန်ကလှမ်းအော်ပြောသည်။

" မိန်းမရေ၊ နွားမကိုနွားထီးဆီခေါ်ထုတ်လာခဲ့ဟေ့၊
ဒီမှာနွားသားလေးယူမယ့်လူရောက်နေတယ် "

---

တရက်မှာ သိပ်ပံပညာရှင်ကြီး အိုင်းစတိုင်းက နိုင်ငံကျော်တွေကြီး ဖိတ်ကြားထားတဲ့ ညစာစားပွဲတခုကို သွားသတဲ့ ..

အဲဒီပွဲကိုလာတဲ့ မော်ဒယ်မင်းသမီး တယောက်က အိုင်းစတိုင်းကို ဒီလိုပြောသတဲ့ ..
'တကယ်လို့ ဆရာကြီးနဲ့ ကျွန်မသာ လက်ထပ်လိုက်မယ်ဆိုရင် မွေးလာတဲ့ ကလေးဟာ ဆရာကြီးလို ပညာဉာဏ်ထူးချွန်ထက်မြက်ပြီး ကျွန်မလို အရမ်းလှမှာပဲနော်'

အဲ .. အိုင်းစဆိုင်းက ပြန်ပြောလိုက်ပုံက ..
'အေး မင်းပြောသလို ဖြစ်ရင်တော့ ကောင်းတာပေါ့ကွာ .. တော်ကြာ ငါ့လိုရုပ်ဆိုးပြီး မင့်လို ဉာဏ်ထိုင်းတဲ့ ကလေးများ မွေးလာလို့ကတော့ သွားပါပြီကွာ' .. တဲ့

## မသိဘူး

မော်စကိုမြို့လယ် ဂေါ်ကီလမ်းအတိုင်း ညမှောင်ရီပျိုးစအချိန်တွင် ကိုချူချာ လမ်းလျှောက်လာသည်၊ အရက်မူးနေသော လူတစ်ယောက် အနားကပ်လာပြီးမေးသည်။
" ဟေ့ ချူချာ ကောင်းကင်မှာ လင်းနေတဲ့ ဥစ္စာ နေလား၊ လလားဟင်"
ကိုချူချာ ကောင်းကင်ပေါ် မော်ကြည့်လိုက်သည်၊ ထို့နောက်ပြောသည်။
"မသိဘူးဗျ၊ ကျွန်တော် ဒီအရပ်က မဟုတ်ဘူး"
။။။

## ချူချာစစ်သား

တပ်သားချူချာ ကင်းစောင့်နေသည်၊ လူတစ်ယောက်ဖြတ်လာသည်၊ ချူချာ လှမ်းအော်ပြီး ပြောသည်။
"စကားဝှက်ပြော"
" ကြက်ဖ"
" အေး – သွား"
နောက်တစ်ယောက်ဖြတ်လာပြန်သည်။
" စကားဝှက်ပြော"
" ကြိုးကြာ"
"ကြိုးကြာမဟုတ်ဘူး၊ ကြက်ဖ၊ အေး – သွား"

## ချူချာစစ်သား (၁)

ဗိုလ်ကြီးချူချာက အနုမြူအန္တရာယ်ကာကွယ်ရေးနှင့် ပတ်သက်၍ တပ်သားများကို ညွှန်ကြားနေသည်။

” ပေါက်ကွဲမှုဟာ ကိုယ့်ရဲ့အနီး အနားမှာဖြစ်ရင် ပေါက်ကွဲတဲ့ဘက် မျက်နှာမူပြီး ဝပ်ချလိုက်၊ သံခမောက်ကို နဖူးအထိဆွဲချ၊ သေနတ်ကိုတော့ ဗိုက်အောကက်မှာ ထား”

” သေနတ်ကို ဘာအတွက် ဗိုက်အောကက်မှာ ထားရမလဲ ခင်ဗျာ”

”အရည်မပျော်သွားအောင်လို့”

။။။။။

## အန်ချင်တယ်

ရေချိန်တော်တော်လေး ကိုက်နေသော လူတစ်ယောက် ဘတ်စ်ကားပေါ် တက်လာပြီးပြောသည်။

” အန်ချင်တယ်၊ အခုဘဲအန်လိုက်တော့မယ်”

ခရီးသည်များက ၎င်းကို ဝိုင်းပြီးတောင်းပန်ကြသည်၊ မှတ်တိုင်ရောက်သည်အထိ အောင့်အည်းရန်၊ ထိုအခါကျမှ စိတ်ကြိုက်အန်ချရန်တောင်းပန်ကြသည်။

” ကောင်းပြီး၊ ၄၈ – အထိ ရေမယ်၊ ၄၈ – ပြည့်ရင်အန်မယ်”

ခရီးသည်များ စိတ်သတ်သာရာ ရသွားကြသည်၊ မှတ်တိုင်ရောက်ရန် နီးနေ၍ ဖြစ်သည်၊ သို့သော် ချက်ချင်းပင် အမူးသမား ထံမှ နောက်ထွက်လာသော အသံကြောင့် အားလုံး ရှုံ့မဲ့သွားကြသည်။

” ရှစ်ခြောက်လီ လေးဆယ့်ရှစ်၊ ဝေါ့”

။။။။။။

## ဗိုလ်ချုပ်ကြီး

အတန်းပိုင်ဆရာမက ပီတာလေးကို ဆူသည်။

” မောင်ပီတာ၊ မင်းဟာ လွန်လွန်းပြီကွယ်၊ မနေ့က လေ့ကျင့်ခန်း စာအုပ်မပါဘဲ ကျောင်းကိုလာတယ်၊ ဒီနေ့ ကျောင်းသုံးစာအုပ်ပါမလာပြန်ဘူး၊ လက်နက်မပါတဲ့ စစ်သားကို ဘယ်လို ခေါ်လဲ သိလား”

“သိပါတယ်၊ ဗိုလ်ချုပ်ကြီး”

**အူအတက်**

မိန်းမရဲ့ အူအတက် ဘယ်မှာရှိသလဲ
” ဝင်ဝင်ချင်း ဘယ်ဘက်မှာ”

။။။။။။။။

။။။။။။။။

**မျှော်လင့်ချက်**

”မောင်၊ မြစ်ထဲကို အချစ်ခုန်ဆင်းရင် မောင် ဆင်းကယ်မှာလားဟင်” ဟု ကောင်မလေးက ကန့်ကရမေးရာ ကောင်လေးက မျှော်လင့်သံဖြင့် ပြန်ဖြေသည်။
” ကယ်မှာပေါ့လို့ မောင်ဖြေရင် အချစ် တကယ်ခုန်ဆင်းမှာလားဟင်”

။။။။။။။။

**ခွင့်မလွှတ်ချင်ဘူး**

ယောကျာ်းနှင့် စိတ်ဆိုးပြီး မိန်းမဖြစ်သူ အိမ်မှထွက်သွားသည်။ သို့သော် ရက်မကြာမီ ပြန်ရောက်လာသည်၊ မှားကြောင်း ဝန်ခံပြီး မိမိကိုခွင့်လွှတ်ပါရန် ယောကျာ်းအား တောင်းပန်သည်၊ ယောကျာ်းက ပြောသည်။
” မင်းအိမ်ကထွက်သွားတာ ငါခွင့်လွှတ်တယ်၊ ဒါပေမယ့်
ပြန်လာတာကိုတော့လုံးဝခွင့်မလွှတ်ဘူးဟေ့။”

။။။။။။။

**ပြန်လာမယ်**

လင်မယားချင်း စကားများ ရန်ဖြစ်ကြသည်၊ မိန်းမက ကြိမ်းမောင်းသည်။
” ဒီနေ့ပဲ ကျွန်မ အမေ့ဆီသွားမယ်၊ ဒါပေမယ့် ရှင့်ကိုသတိပေးလိုက်မယ်၊
ကျွန်မတို့ မုချပြန်လာကြမယ်”

။။။။။။။

**ဘယ်လိုစစ်မှာလဲ**

ယောကျ်ားဖြစ်သူ မနက် လေးနာရီတွင် အိမ်သို့ပြန်ရောက်လာသည်၊ မိန်းမက တံခါးဝတွင် ခါးထောက်ပြီး မျက်စောင်းထိုးကြည့်သည်၊ ထို့နောက် ပြောသည်။
” ရုံးက လူတွေနဲ့ ဟော်တယ်သွားစားကြတယ်လို့ ရှင်ပြောတယ်၊ ကောင်းပြီး၊ အခုချက်ချင်း အိပ်ရာထဲဝင်စမ်း၊ ရှင်ဘယ်သွားခဲ့သလဲဆိုတာ ကျွန်မ စစ်မယ်”

။။။။။။။

**ပြင်ဆင်မှု**

”သမီး... မီးဖိုချောင်ထဲက ပန်းကန်ပြား ငါးချပ်ယူခဲ့စမ်း”
” ဘာလုပ်ဖို့လဲ မေမေ”
” သမီးဖေဖေနဲ့ စကားပြောစရာရှိလို့”

။။။။။။။

**အထင်မှား**

”ကျုပ်သမီးကို ဘမောင်ဆိုတဲ့ကောင် ခိုးပြေးသွားတယ်ဗျာ”
” ဘယ်သူမပြု မိမိမှုတဲ့၊ ခင်ဗျား သူ့ကိုအိမ် ခဏ ခဏ လာခွင့်ပြုတာကိုး”
” ကျွန်တော့်မိန်းမကို ဒီကောင် လာပိုးတယ် ထင်မိတာကိုးဗျ”

**ရုပ်ရှင်ကြည့်ချင်တယ်**

ရှင်ရှင်ကြည့်ရန် ကိုချူချာ ရုပ်ရှင်ရုံသို့ ရောက်လာသည်။ လက်မှတ်ရောင်း အမျိုးသမီးက ၎င်းကိုပြောသည်။
‘လွန်ခဲ့တဲ့ နာရီဝက်အတွင်းမှာ ဒီရုပ်ရှင်ကားကို ကြည့်ဖို့ ရှင် လက်မှတ်လာဝယ်တာ အခုအခါပါနဲ့ဆိုရင် ရှစ်ကြိမ်ရှိပြီရှင့်၊ ဘာဖြစ်လို့လဲ’
‘အဝင်ပေါက်မှာ ငနဲတစ်ကောင် ကျွန်တော့်လက်မှတ်ကို အကြိမ်တိုင်း ဆွဲဖြဲပစ်လို့’

**အပြန်အလှန်ယဉ်ကျေးမှု**

ညှော်ခံပွဲတစ်ခုတွင် ၁၅ – နှစ်သား လူပျိုပေါက်က မိမိနှင့် တွဲကပါရန် အမျိုးသမီးတစ်ဦးအား သွားဖိတ်သည်။
'ကျွန်မ ကလေးနဲ့ မကဘူး'
'တောင်းပန်ပါတယ်၊ ခင်ဗျားကိုယ်ဝန်နဲ့ဆိုတာ ကျွန်တော် မသိလို့ပါ'

။။။။။။။

**အချစ်**

'မောင့်ကို ချစ်ရဲ့လားဟင်'
'အရှုးအမူးကိုချစ်တယ်'
'မောင့်အတွက် အသက်ကို အသေခံနိုင်ပါ့မလား'
'ဟင့်အင်း၊ ခင့်အချစ်က အမြဲတမ်း ရှင်သန်နေတဲ့ အချစ်လေ'

**ချစ်တဲ့အကြောင်းပဲပြောပါ**

'ရှင် ကျွန်မကို ချစ်တယ်နော်'
'သိပ်ကိုချစ်ပါတယ်'
'အဲဒါဆို ဘယ်တော့ လက်တက်ကြမလဲဟင်'
'ဟေ့ ဟေ့၊ ခေါင်းစဉ်ကို ဖြန်းစကြီး ပြောင်းမပစ်နဲ့လေ'

။။။။။။။

**မြင်းပြိုင်ပွဲမှာ**

မြင်းပြိုင်ပွဲကျင်းပနေစဉ် မြင်းတစ်ကောင်က အခြားတစ်ကောင်ကို မေးသည်။
'မင်းဆီမှာ မြင်းကောင်ရေအား ဘယ်လောက်ရှိသလဲကွ'

**မအောင့်နိုင်တော့ဘူး**

တစ်ချိန်လုံး ညှော်သည်လာတိုင်း ဆဲစကားကို အော်နေသော ကြက်တူးရွေးကို အိမ်ရှင်က သတိပေးသည်။
'ဟေ့ကောင်၊ ဒီတစ်ခါ ညှော်သည်လာလို့ မင်းဆဲသံ ငါကြားရရင် မင်းရဲ့

ကိုယ်ပေါ်က အမွေးတွေကို ငါနုတ်ပစ်မယ်မှတ်'
ကြက်တူးရွေး ငြိမ်သွားသည်။ တစ်ရက် နှစ်ရက်ကြာသွားသည်။ ၎င်းထံမှ ဘာသံမှ မကြားရချေ။ တတိယနေ့တွင် ကိုယ်ပေါ်မှ အမွေးတွေကို နုတ်သီးဖြင့် စိတ်ဆိုးမာန်ဆိုး ဆွဲနုတ်ပြီး ပြောသည်။
'ဒီအမွေးတွေကို ငါဘာလုပ်ရမှာလဲ၊ သွားလေရော့လဟယ်'

။။။။။။။

**တူ**
'ဟဲ့သား၊ တူကို ထုမကစားနဲ့လေ၊ လက်ကို ထိသွားရင် နာနေဦးမယ်'
'စိတ်မပူပါနဲ့ မေမေ၊ သံကို ညီမလေးကိုထားပါတယ်'

**ပထမအကြိမ်ဆိုတော့**

ခွဲစိတ်ဆရာဝန်နှစ်ယောက် စကားပြောနေကြသည်။
'သိလား၊ ကျွန်တော့်ဘဝမှာ ပထမဆုံးအကြိမ်အဖြစ် လူနာရဲ့ခြေထောက်ကိုဖြတ်တုန်းက စိတ်လှုပ်ရှားမှုကြောင့် အမှားတစ်ခုကိုလုပ်လိုက်မိတယ်'
'ကြီးကျယ်တဲ့ အမှားတော့ မဟုတ်ဘူး မဟုတ်လား'
'ဟင့်အင်း၊ မကြီးကျယ်ပါဘူး၊ ခြေထောက်ကို မှားပြီး ဖြတ်လိုမိရုံပါပဲ'

။။။။။။။

**သင်ခန်းစာ**

သူငယ်ချင်းနှစ်ယောက် ရှိကြသည်၊ တစ်ယောက်က အရက်သောက်သည်၊ နောက်တစ်ယာက်က လုံးဝမသောက်ချေ၊ တစ်နေ့ အရက်သောက် သူ အရက်မူးမူးဖြင့် ကားတက်မောင်းသည်၊ အရက် မသောက်သူကို တက်ကြိတ်မိသည်၊ အရက်မသောက်သူ ပွဲချင်းပြီး သေသွားသည်။
သင်ခန်းစာ – သောက်လျှင်သေမည်၊ မသောက်လျှင်လည်းသေမည်။

**ကျေးဇူးရှင်**

သူငယ်ချင်းနှစ်ယောက် မီးဖိုချောင်တွင် အရက်သောက်နေကြသည်၊ ပုလင်းကုန်သွားရာ ဆက်သောက်ချင်ကြသဖြင့် အိမ်ရှင်က ပြောသည်။
'ဟေ့ကောင်၊ ငါ့အိပ်ခန်းထဲသွားပြီး ကန့်လန့်ကာ နောက် ပြ တင်းပေါက်ဘောင်မှာ

တင်ထားတဲ့ပုလင်းကို ဆွဲလာခဲ့'
ခဏအကြာတွင် သူငယ်ချင်း ပုလင်းဆွဲပြီး ပြန်လာသည်၊ အိမ်ရှင်ကိုပြောသည်။
'သူငယ်ချင်း ကုန်းတိုက်တဲ့စကား ငါ မပြောတက်ဘူးဆိုတာ မင်း သိပါတယ်၊ ဒါပေမယ့် မင်းရဲ့အိပ်ခန်းထဲမှာ မင်းမိန်းမဟာ တခြားယောကျာ်းနဲ့ အိပ်နေတယ်လို့ ငါထင်တယ်'
'ရှူး...တိုးတိုးပြောပါကွာ၊ မင်းယူလာတဲ့ပုလင်းဟာ သူ့ပုလင်းကွ'

။။။။။။

**မသောက်ဘူး**

'တစ်ခုခုသောက်ပါလား'
'ဟင့်အင်း၊ ကျွန်တော်ဘာမှ မသောက်ချင်ပါဘူး'
'လက်ဖက်ရည်ဖြစ်ဖြစ်သောက်ပါ'
'ဟင့်အင်း၊ ကျွန်တော် လက်ဖက်ရည်မကြိုက်ဘူး'
'ကော်ဖီကော'
'ကော်ဖီလည်း မသောက်ပါဘူး'
'ဝီစကီနဲ့ဆိုဒါ ထည့်ပေးရမလား'
'ဟင့်အင်း၊ ကျွန်တော် ဆိုဒါ မသောက်ဘူး'

**မှားပြီး**

'တလောက မူးမူးနဲ့ အိမ်ကို ပြန်ရောက်လာတယ်၊ ကလေးတွေ ငါ့ကို မမှတ်မိကြတော့ဘူး'
'အမူးပြေတော့ကော'
'အမူးပြေတော့ သူများအိမ်ထဲ ငါ ရောက်နေမှန်းသိလိုက်ရတယ်'

။။။။။။

**စဉ်းစားရကျပ်တယ်**

မနက်အိပ်ရာမှ ထချိန်တွင် မနေ့ကဒဏ်ကြောင့် ရင်တုန်ပန်းတုန်ဖြစ်နေသော အမူးသမား အသံထွက်စဉ်းစားသည်။
'မနေ့က သောကြာနေ့၊ မနက်ဖန် စနေနေ့၊ ဘုရား ဘုရား၊ ဒီနေ့ ဘာနေ့ပါလိမ့်'

## ပြဿနာမရှိအောင်လုပ်ပါ

စတာလင်ကို ၎င်း၏လက်ထောက်များက မေးသည်။
'ခေါင်းဆောင်ကြီးခင်ဗျာ၊ စာရေးဆရာ 'မောင်ကကြီး' ဘာ ပါတီလမ်းစဉ်ကနေ သွေဖယ်တယ်လို့သတင်းဖြစ်နေပါတယ်၊ တစ်ချိန်တည်းမှာ သူ့မှာ အပြစ်မရှိဘူးဆိုတဲ့သက်သေအထောက်အထားတွေ အများကြီးရှိနေပါတယ်'
'ပြဿနာကိုဘယ်လို ဖြေရှင်းရမလဲခင်ဗျာ'
စတာလင်သည် ဆေးတံကို ဖွာလိုက်သည်၊ ထို့နောက်အေးအေးစက်စက် ပြောသည်။
'လူရှိတယ်နော်၊ ပြဿနာရှိတယ်၊ အဲ လူမရှိဘူးနော်၊ ပြဿနာလည်း မရှိတော့ဘူး'

## ယုံစမ်းပါ

ယောကျာ်းဖြစ်သူ ည ၁၂ – နာရီတွင် အိမ်ပြန်ရောက်လာသည်၊ မိန်းမက အိပ်ခန်းထဲမှနေ၍ လှမ်းမေးသည်။
'ဘယ်နှစ်နာရီ ရှိပြီလဲ'
'၁၀ – နာရီ'
တိုက်တိုက်ဆိုင်ဆိုင် တိုင်ကပ်နာရီမှ 'ဒင်' ဟုတစ်ချက်တီးသည်။
'ရှင် ကျွန်မကို လိမ်ပြန်ပြီးလား၊ နာရီတစ်ချက်တီးသံ ကျွန်မ ကြားရတာပဲ'
'ဟေ့၊ သုညကိုပါ မင်းက တီးစေချင်လို့လားကွဟ'

။။။။။။။

## အကြောင်းသုံးခု

ရုရှားနိုင်ငံ ပင်လယ်နက်ကမ်းခြေတွင် ဖွင့်ထားသော နလံထသူများ အနားယူစခန်းတွင် ဖြစ်သည်၊ အနားယူကုသမှု ယူနေကြသူနှစ်ဦး စကားပြောနေကြသည်။
'လာဗျာ၊ အရက်ဆိုင်သွားရအောင်'
'မသွားချင်ဘူးဗျာ'
'ဘာဖြစ်လို့လဲ'
'တစ်အချက်၊ ဗောဒ္ဒကာဟာ လူရဲ့ကျန်းမာရေးကို ထိခိုက်စေတယ်'
'နှစ်အချက်၊ အရက်သောက်တယ်ဆိုတာ သိသွားရင် စခန်းက မောင်းထုတ်ခံရနိုင်တယ်'
'သုံးအချက်၊ အခုကို ကျွန်တော် အတော်လေးမူးနေပြီ'

**တီထွင်မှု**

နောက်ဆုံးပေါ် အော်တိုမက်တစ်လေထီးတစ်မျိုးကို ကိုချုချာတီထွင်လိုက်သည်။
လေထီးသည်မြေကြီးနှင့်ထိသည်နှင့်အလိုအလျောက်ပွင့်လာလေ သည်။

-------------------------------

**လာပါဦး**

အန်တီမြကဇည့်သည်များကိုပြောသည်။

“ စားကြပါ၊ သောက်ကြပါ၊ စိတ်ကြိုက်သုံးဆောင်ကြပါ။ အဲ
အားနာတတ်တဲ့စိတ်မရှိဘူးဆိုလဲမနက်ဖြန်လဲလာကြပါဦးနော် ”

-------------------------------

**ဖွင့်ဆိုချက်**

၂၁ ရာစုစွယ်စုံကျမ်းမှဖွင့်ဆိုချက်။

ဟစ်တလာ–စတာလင်ခေတ်တွင်ပေါ် ခဲ့သောအာဏာရှင်ကလေး

သူ့အဓိပ္ပါယ်နှင့်သူ

သုတေသနဆွေးနွေးပွဲသို့ ကိုချုချာတက်ရောက်လာသည်။
ကိုယ်စားလှယ်များဖြည့်သွင်းရမည့်ပုံစံကို ၎င်းအားပေးရာ
ကိုချုချာကကြက်ခြေခတ်ငါးခုခြစ်လိုက်သည်။
၎င်းကိုအံ့သြတစ်ကြီးဝိုင်းမေးကြသည်။

“ ဘာဖြစ်လို့ကြက်ခြေခတ်ကြီးပဲ ငါးခုတိတိခြစ်ရတာလဲဗျာ ”

“ ပထမကြက်ခြေခတ်ကကျွန်တော့်နာမည်၊
ဒုတိယကြက်ခြေခတ်ကကျွန်တော့်အလုပ်ဌာန၊
တတိယကြက်ခြေခတ်ကကျွန်တော့်မိန်းမနာမည်၊

စတုတ္ထကြက်ခြေခတ်ကကျွန်တော့်မွေးရပ်၊
ပဉ္စမကြက်ခြေခတ်ကတော့ကျွန်တော်ရတဲ့တက္ကသိုလ်ဘွဲ့ကိုညွှန်းတယ်လေ ”

**သိပ္ပံပညာ**

“ ကွန်မြူနစ်ဝါဒကိုသိပ္ပံပညာလို့သတ်မှတ်လို့ရမလားဟင် ”

“ မရဘူး၊ တကယ်လို့သာသိပ္ပံပညာဆိုရင်သူ့ကိုခွေးတွေအပေါ်
မှာအရင်စမ်းသပ်ကြည့်ကြမှာပေါ့ ”

---

**ရော်ဘင်ဟု**

“ ရော်ဘင်ဟုဟာဘာဖြစ်လို့လူချမ်းသာတွေဆီကပဲ လုယက်ရတာလဲ ”

“ ဆင်းရဲသားတွေဆီကဘာမှမရနိုင်ဘူးဆိုတာကိုသူသိလို့ပေါ့ ”

---

**အကြံပေးပါရစေ**

“ မိတ်ဆွေ၏စကားကိုမိန်းမဖြစ်သူတစ်လုံးမကျန်နားထောင်စေလို လျှင်
အိပ်မက်ထဲတွင်စကားပြောတတ်အောင်ကျင့်ပါ ”

**ချူကော့ကာရေငုပ်သင်္ဘော**

ရုရှရေပိုင်နက်ထဲသို့အမည်မသိရေငုပ်သင်္ဘောတစ်စင်းကျူးကျော်ဝင်ရောက်နေကြော
င်းရေဒါတွင်လာပေါ်
နေသဖြင့်ရုရှစစ်သင်္ဘောကပ္ပတိန်ကတပ်သားအီဗန်နော့ကိုရေငုပ်ခိုင်းသည်။
မကြာမီတပ်သားအီဗန်နော့ပြန်ပေါ် လာပြီးအော်ပြောသည်။
“ ကပ္ပတိန်၊ တရုတ်ရေငုပ်သင်္ဘောခင်ဗျ ”
“ ဘာလို့မင်းပြောနိုင်ရတာလဲ ”
“ သင်္ဘောမှာတရုတ်စာတွေရေးထားတာတွေ့လို့ပါ ”

“ မင်းအတော်ညံ့ပါလားကွ၊ အခုသဘော်ာတိုင်းမှာတရုတ်စာတွေရေးထားတယ်၊ ဆက်ငုပ် ”
အီဗန်နော့ထပ်ငုပ်သည်၊ မကြာမီပြန်ပေါ် လာသည်။
“ အင်္ဂလိပ်သဘော်ာခင်ဗျ ”
“ ဘာဖြစ်လို့လဲ ”
“ ကျွန်တော်ချောင်းနားထောင်တော့အင်္ဂလိပ်စကားပြောနေသံတွေကြားရလို့ပါ ”
“ မင်းတော်တော်တုံးပါလား၊
အင်္ဂလိပ်စကားဟာအခုအခါမှာနိုင်ငံတကာဘာသာစကားဖြစ်နေပြီ၊ ဆက်ငုပ် ”
အီဗန်နော့ဆက်ငုပ်သည်။ မကြာမီပြန်ပေါ် လာပြီးကပ္ပတိန်ကိုအစီရင်ခံသည်။
“ ချူကော့ကာရေငုပ်သဘော်ာခင်ဗျ ”
“ သေချာရဲ့လား ”
“ သေချာပါတယ်၊ ကျွန်တော်တံခါးခေါက်တော့သူတို့ဖွင့်ပေးတယ် ”

**မှားဆက်ခြင်း**

ကိုချူချာ၏အိမ်ခန်းတွင်တယ်လီဖုန်းသံမည်လာသည်။
ကိုချူချာကောက်ကိုင်လိုက်သည်။

“ ဟယ်လို၊ ဒါအီဗန်နော့ရဲ့အိမ်ကပါလား ”

“ မဟုတ်ဖူး၊ အီဗန်နော့မှာတယ်လီဖုန်းမရှိဘူး ”

---

**လေ့လာသူမဟုတ်ပါ**

ကိုချူချာကဂုဏ်ယူဝင့်ကြွားစွာဖြင့်ညွှသည်ကိုပြောသည်။

“ ကျွန်တော့်ညီ မော်စကိုနိုင်ငံတကာတက္ကသိုလ်ကိုရောက်နေတယ်ဗျ ”

“ ဟုတ်လား၊ ဟိုမှာသူဘာကိုလေ့လာနေတာလဲ ”

“ သူမလေ့လာဘူး၊ သူ့ကိုလေ့လာနေကြတာ ’

**ပစ္စည်းကောင်း**

မိမိဝယ်လာသောရေဒီယိုကိုအိမ်နီးနားချင်းအားခေါ် ပြပြီးကိုချူချာကြွားသည်။

“ အင်မတန်ကောင်းတဲ့ရေဒီယိုဗျ၊ ဥရောပတစ်ခုလုံးကိုဖမ်းလို့ရတယ် ”

ကိုချူချာ၏ဇနီးကဖြည့်ပြောသည်။

“ ပြီးတော့တပြိုင်နက်ထဲရှင့် ”

-------------------------------------

**လူသားမစားဘူး**

အိမ်နီးချင်းဆီကိုချူချာရောက်လာပြီးသူ့ကိုတစ်ခုခုကျွေးရန်မေတ္တာရပ်သည်။
အိမ်နီးချင်းအမျိုးသမီးကပြောသည်။

“ ကျွန်မယောကျ်ားလာတော့မယ်၊ ခဏစောင့်ပါ ”

“ ဟာ .. ခင်ဗျားယောကျ်ားတော့မလုပ်ပါနဲ့ဗျာ၊ ကျွန်တော်လူသားမစားဘူး ”

**ချီတက်တဲ့ယင်ကောင်**

“ တပ်သားချူချာ၊ ငါက ‘သတိ’ လို့အမိန့်ပေးနေတဲ့အချိန်မှာ
ဘာဖြစ်လို့နှာခေါင်းကိုလက်နဲ့ပွတ်နေရတာလဲ ”

“ နှာခေါင်းပေါ် ယင်ကောင်လာနားလို့ပါ ”

“ ဒါပေမယ့် ငါ ‘သတိ’ လို့အမိန့်ပေးထားတာပဲ ”

“ ဟုတ်ပါတယ်၊ ဒါပေမယ့် ယင်ကောင်ကဆက်ပြီးချီတက်နေလို့ပါ ”

-------------------------------------

**ပင်ပန်းတယ်**

ပင်လယ်ကမ်းစပ်တွင်ထိုင်ပြီးကိုချူချာအသံထွက်ငြီးနေသည်။

“ ချူချာဒီနေ့ပင်ပန်းတယ် ၊ အင်း ... ပင်ပန်းတယ် ”

ဖြတ်သွားသူတစ်ယောက်ကမေးသည်။

“ ဘာဖြစ်လို့ပင်ပန်းရတာလဲ ”

“ ဒီနေ့စဉ်းစားလိုက်ရလို့ပေါ့၊ အင်း အင်မတန်ပင်ပန်းတယ် ”

“ ဘာဖြစ်လို့အင်မတန်တောင်ပင်ပန်းရတာလဲ ”

“ သုံးခါတိတိစဉ်းစားလိုက်ရတယ်လေ ”

**အလီဘိုင်**

“ ဧပြီလ ၃ ရက်ကနေ ၄
ရက်ကိုအကူးညပိုင်းမှာခင်ဗျားဘယ်မှာရှိနေခဲ့တယ်ဆိုတာပြောပြနိုင်သလား ”
“ သိပ်ပြောပြနိုင်တာပေါ့၊ အဲဒီနေ့ကအခုရဲစခန်းမှာထိုင်ပြီး မတ်လ ၂၃ ရက်က
မတ်လ ၂၄ ကိုအကူးညမှာ
ကျွန်တော်ဘယ်မှာရှိခဲ့တယ်ဆိုတာကိုရှင်းပြနေခဲ့တယ်လေ ”

---

**ဘယ်သူ့ကိုလိုချင်တာလဲ**

အလုပ်လာလျှောက်သောလူကိုဝန်ထမ်းရေးရာဌာနအကြီးအကဲကပြောသည်။
“ ခင်ဗျားရဲ့အသက်အရွယ်နဲ့ဆိုရင်
ဒီထက်ပိုပြီးတက်တက်ကြွကြွလှုပ်လှုပ်ရှားရှားရှိသင့်တယ်လို့ကျွန်တော်ထင်တယ်ထ
င်တယ် ”
“ လူကြီးမင်းတို့ရုံးကဘာကိုလိုချင်တာလဲ၊ ငွေကိုင်စာရေးကြီးလား၊ မျောက်လား ”

---

**ဖတ်ပါစေ**

မိန်းမကယောကျာ်းဖြစ်သူပါမောက္ခကိုပြောသည်။
“ ရှင့်စာကြည့်ခန်းထဲမှာသူခိုးရောက်နေတယ် ”
“ ဘာလဲ၊ သူစာဖတ်နေသလား ”

**အန်တော့မည်**

အစာအိမ်ထဲတွင် ဝက်ခေါင်းသုပ်ထိုင်နေသည်။
ရုတ်တရက်အပေါ် မှတစ်စုံတစ်ရာပြုတ်ကျလာသည်။
“ မင်းဘယ်သူလဲ ”
“ ဖော့ဒ်ကာ ”
“ ဘာအတွက်သောက်ကြတာလဲ ”
“ ဦးဘမောင်ရဲ့ကျန်းမာရေးအတွက် ”
ဝက်ခေါင်းသုပ်ဆက်ထိုင်နေသည်။ မကြာမီစောစောကအတိုင်းကျလာပြန်သည်။
“ ဒီတစ်ခါကော ဘာအတွက်ကျလာတာလဲ ”
“ ဦးဘမောင်ရဲ့ကျန်းမာရေးအတွက် ”
ဤပုံစံအတိုင်းအကြိမ်ပေါင်းများစွာထပ်ဖြစ်သည်။
ဝက်ခေါင်းသုပ်အစာအိမ်ထဲတွင်ငြိမ်ငြိမ်ထိုင်မနေနိုင်တော့
“ ကိုဘမောင်ဆိုတဲ့လူ ဘယ်လိုလူဆိုတာသိအောင်အပေါ် တက်ကြည့်လိုက်ဦးမယ်
”

**” ငါဘယ်သူလဲ ”**

တခါတုန်းက..ရွာတရွာမှာ မုဆိုးကြီးတိုလင်မယား နေထိုင်ကြသတဲ့.
အလွန်အေးတဲ့ဆောင်း တညမှာ မုဆိုးကြီးဟာ..မနက်စောစော လေးနာရီ
လောက်ကြီး မိန်းမကို မှာစရာ ရှိတာမှာပြီးအမဲလိုက်ထွက် သတဲ့ဗျာ..
အဲ..အဲဒီညက အလွန်အေးလေ တော့ မုဆိုးကြီးလည်း ရွာအပြင်ရောက်တယ်ဆိုရင်ပဲ
ဘယ်လိုမှရှေ့ဆက်
မသွားနိုင်တော့လို့..အိမ်ကိုပြန်၊မိန်းမ ဆောင်ခြုံထဲ ဝင်ကွေးလိုက်ပြီး......

မုဆိုးကြီး။ ။ဒီနေ့အပြင်မှာ တော်တော်ချမ်းတယ်ကွာ၊

မိန်းမ။ ။ အင်းလေ..ဒီလောက်ချမ်းတာကို အိမ်က သေနာကြီး က
အမဲလိုက်ထွက်သွားလေရဲ့ ။

**<u>လှေကြီးထိုး</u>**

မြို့လေးတမြို့မှာ...လင်မယားနှစ်ယောက် သူတို့ရဲအိပ်ခန်း အပေါ်မျက်နှာကျက်
ဆေးသုတ်ရန်အတွက် ဆေးရောင်ရွေးချယ်ရင်း
ရန်ဖြစ်ကြသတဲ့...။ယောကျ်ား က အဝါရောင်၊ မိန်းမ က အဖြူရောင်
သုတ်မယ်ပေါ့။ အဲဒီလိုအကြီးအကျယ် ရန်ဖြစ်နေတုန်း အိမ်ရှေ့မှာ
လူတယောက်ဖြတ်သွားတာ မြင်တာနဲ့ ယောကျ်ားလုပ်သူက အဲဒီလူကို
လှမ်းခေါ်၊သူတို့ရဲ့ အငြင်းအခုန်ရန်ပွဲ ကိုအဆုံးအဖြတ်ပေးဖို့ အကူအညီ
တောင်းပါလေရော။ အဲဒီအခါမှာ..ထိုလူက..'ခင်ဗျားမိန်းမ ပြောတဲ့
အဖြူရောင်ကို ရွေးသင့်တယ်၊ဘာလို့လဲဆိုတော့ အိပ်ခန်း အပေါ်မျက်နှာကျက် ကို
ခင်ဗျားမိန်းမက ခင်ဗျားထက် ပိုပြီးမြင်တွေ့ရ
ချိန်ပိုများလို့ပဲ' လို့ဆုံးဖြတ်ပေးပြီးလှည့်ထွက်သွား ရောတဲ့။
အဲဒီအခါ မှာ..ယောကျ်ားလုပ်သူ လဲအောင့်သက်သက်ဖြစ်သွားတာပေါ့၊
ပြီးတော့ အဲဒီလူကို စိတ်ပျက်လက်ပျက် နဲ့ကြည့်ရင်း... ကောက်ချက်ချသတဲ့၊"
ဒီလူ့နယ်နေ်..တုံးလိုက်တာ..မဟုတ်မှလွဲရော..
အခုမှမြို့ပေါ်တက် လာတဲ့ တောသားပဲ ဖြစ်ရမယ်"..

အမေရိကန်ပြည်နယ်တခုတွင် လိင်တူသူချင်း လက်ထပ်ခွင့်ပြုသည့် ဥပဒေကို
ပြဋ္ဌာန်းလိုက်သည်။ဤအခွင့်အရေးကိုစောင့်နေသော လိင်တူ
စုံတွဲ တတွဲလက်ထပ် ရုံးသို့ရောက်လာ ကာ တရားဝင် လက်ထပ်ပြီးစီး
သွားကြသည်။ဤအချိန် တွင်ကောင်းဘွိုင်တယောက် မိမိ၏မြင်းနဲ့အတူ
ရောက်လာပြီး ၎င်းကအရေးဆိုသည်.."လိင်တူတွေကိုခဗျားတို့လက်ထပ်
ပေးနေတာအခု ကျနော်တွေ့ရတယ်၊တယောက်ကိုတယောက်ချစ်ခင်မြတ်နိုး
ရင်လက်ထပ်ခွင့်ပေးရမယ်လို့ဥပဒေ က ဆိုထားတယ်၊ကျနော်ဟာ ကျနော့
မြင်းကိုအင်မတန် ချစ်တယ်၊သူကလည်းကျနော့်ကို သိပ်ချစ်ပါတယ်၊ဒါကြောင့်
ကျနော် တို့နှစ်ယောက်ကို လက်ထပ်ပေးပါ"
ရုံးမှတာဝန်ရှိသူများအကြပ်ရိုက်သွားကြသည်၊အစဉ်အလာဖြစ်သွားမည်
စိုး၍အမျိုးမျိုးစဉ်းစားကြသည်၊နောက်ဆုံးတွင်..အကောင်းဆုံးအဖြေတခုကို
ရှာဖွေတွေ့ရှိလိုက်ကြသည်.........
"သတို့သမီး သည် အသက် ၁၃ နှစ်ပင် မပြည့်သေးသဖြင့်လက်ထပ်ခွင့်
မပြုနိုင်ပါ

တခါကဖြစ်ပါသည်။
ရွာမှ ဦးကြီးတစ်ဦး မြို့ပေါ်သို့တက်ပြီး လက်ပါတ်နာရီဝယ်ပါတယ်။
နာရီဆိုင်သို့ရောက်သော အခါ ဆိုင်ရှင်ကို အမျိုးအစားကောင်းသော နာရီကိုသာ

ရောင်းပေးရန် နှင့် ကြိုက်စျေးပေးဝယ်မည့်အကြောင်းသေချာပြောပြရှာသည်။
ထို့နောက် ဆိုင်ရှင်က ရွေးပေးသောနာရီကို ဝယ်ပြီး ဦးကြီး ရွာပြန်ခဲ့လေသည်။

နှစ်ရက် ခန့်ကြာသောအခါ ဦးကြီးသည် စိတ်ဆိုးမာန်ဆိုး နှင့် နာရီဆိုင်ကို
ပြန်ရောက်လာခဲ့သည်။ အကြောင်းမှာ သူဝယ်ထားသော နာရီမှာ တနေ့ ကို
နှစ်နာရီလောက်မြန်နေသောကြောင့် ဖြစ်ရာ ဆိုင်ရှင်ကို အသစ်ပြန်လဲခိုင်းပါသည်။

သို့သော် ဆိုင်ရှင်၏ ဆင်ခြေစကားကြောင့် ပြန်မလဲဖြစ်တော့ပဲ
မြန်နေသော နာရီကိုသာ ပြုံးပြုံးကြီး ပါတ်ရင်း ရွာသို့ပြန်ခဲ့တော့သည်။
ဆိုင်ရှင်၏ဆင်ခြေမှာ ( ဟာ ၊ အဘ ပဲ စက်ကောင်းတာပေးဆို ၊ ဒီနာရီ က စက်
က
ဂျာမနီလုပ်ဗျ ၊ သူများ နာရီတွေ ထက် စက်အား အများကြီး ပိုကောင်းတယ် ၊
ဒါကြောင့် သူများ ထက် ပိုမြန်မြန်သွားနိုင်တာဗျ ၊
စက်အား မကောင်းတဲ့ တရုပ်နာရီဆို နောက်ကျမှာပေါ့ ) လို့ပြန်ပြောတော့ ၊
ဦးကြီး က ( အော် ဟုတ်ပေသားပဲ ၊ ရွာ က ကောင်တွေနားမလည် ပဲ
ငါ့ နာရီစက်က ပို အားကောင်းတာကို ၊ ဒီကောင်တွေ သက်သက်မဲ့
မနာလိုဖြစ်နေတာ )
လို့ပြန်တွေးလိုက်သတဲ့။

.............................................................................................................................

မွေးပြီး..တနှစ်လောက်ကြာမှ မိမိတို့သားသမီးများလမ်းစလျှောက်နိုင်ကြပြီး
နွားမြင်း၊သိုး စသည်တို့၏ ကလေးများမှာမူ မနက်မွေး လျှင်ညနေပိုင်းတွင်
လမ်းစလျှောက်နိုင်ကြသည်ကိုမြင်ကြရသော မိန်းမများက တရားမျှတမှု မရှိ
ဟုယူဆကာ သိကြားမင်းထံအရေးဆိုရန်
ကိုယ်စားအဖွဲ့တဖွဲ့ကိုစေလွှတ်လိုက်ကြသည်၊ တောင်းဆိုချက်မှာ မိမိတို့ကို
နွားမြင်း၊သိုး တို့နည်းတူ တတန်းတည်းတားရေးဖြစ်သည်။
အဖွဲ့ခေါင်းဆောင် မစိန်ပု အမည်ရှိ အသွက်ဆုံးအမျိုးသမီးကိုသိကြား
မင်းလက်ခံနားထောင်သည်၊ကျန်ကိုယ်စားလှယ် အဖွဲ့ဝင်များကအခန်းပြင်မှ
နားစွင့်နေကြသည်၊ မစိန်ပု ၏ ရှင်းပြချက် ကိုကြားရသော အခါသိကြား
မင်းကဤသို့ပြောလေသည်......"ကိုင်း..မင်းတို့ဖြစ်ချင်တဲ့အတိုင်း ဖြစ်စေ
ရမယ်၊ဒါပေမယ့် စည်းကမ်းချက်တခုထားမယ်၊ မိန်းမတွေဟာ တိရစ္ဆာန်များနည်းတူ
တနှစ်မှာ တခါပဲ မေထုန်မှီဝဲကြရမယ်"

ဤတွင်အခန်းပြင် မှအမျိုးသမီးများ သံပြိုင်အော်လိုက်ကြသည်....

"မစိန်ပုရေ့..သဘောမတူနဲ့ဟေ့"

“ ငပျင်း ”

သူကပိုပျင်းသည်၊ငါကပိုပျင်းသည်နှင့်လူနှစ်ယောက်အငြင်းပွားနေကြသည်၊
တယောက်က…
➢“မနေ့ကဒေါ်လာ ၁၀၀ လမ်းမှာကျ နေတာငါတွေ့လိုက်တယ်၊ဒါပေမယ့်..
မကောက်လိုက်ဘူး၊ ..ပျင်းလို့..”
ကျန်တယောက်က အားကျ မခံ…

“ညက ငါရုပ်ရှင်သွားကြည့်တယ်၊ ရုံထဲမှာ ၂ နာရီ တိတိ ငါအော်နေ ခဲ့တယ်”

➢ “ပျင်းတာနဲ့ အော်တာနဲ့ ဘာဆိုင်လို့လဲ”

➢“သိပ်ဆိုင်တာပေါ့၊ခေါက် ကုလားထိုင် ကို ဆွဲပြီးအထိုင်လိုက်မှာ..
ငါ့ရှေ့ဥ ထိုင်ခုံနဲ့ ညပ်သွားတယ်၊ ထ. ရမှာ ပျင်းတော့ အော်ပဲနေ
ရတော့တာ ပေါ့”

…………………………………………………………………………………………………

ကဘာကျော် လူရွှင်တော်ကြီး ချာလီချက်ပလင် ဟာ ဆေးပြင်းလိပ်ကို
အလွန်ကြိုက်သူဖြစ်ပါတယ် ၊ သူ ဆေးပြင်းလိပ် တအားသောက်လွန်းတော့
သူ့ မိတ်ဆွေတွေ က ဆေးလိပ်ဖြတ်ဘို့ တိုက်တွန်းကြတယ်တဲ့ ဗျ ။

မိတ်ဆွေ တဦးဆိုရင် သူ့ ကို ( ဆေးလိပ်အမြန်ဖြတ်နိုင်မည့်
နည်းလမ်းကောင်းများ )
ဆိုတဲ့ စာအုပ် တစ်အုပ်ရှာလာပြီး လက်ဆောင် ပေးပါတယ်။
ချာလီချက်ပလင် က ဒီ စာအုပ် ဖတ်ပြီးချိန်လောက်မှာ သွားမေးကြည့်တယ်တဲ့။
ဘယ်လိုလဲ ချာလီချက်ပလင် ၊ ဒီစာအုပ်ဖတ်ပြီးတော့ ဆုံးဖြတ်ချက် ချလို့ရပီလား
တဲ့။
ချာလီ ချက်ပလင် က ပြန်ဖြေပါတယ် ၊ ဟင့် အင်း ၊ ကျွန်တော်
မဆုံးဖြတ်ရသေးဘူးတဲ့၊

မိတ်ဆွေက ဒုတိယအကြိမ် အဖြစ် သူ့ ကို ( ဆေးလိပ်သောက်ခြင်းရဲ့ ဆိုးကျိုးများ
)
ဆိုတဲ့ စာအုပ် တစ်အုပ်ရှာလာပြီး လက်ဆောင် ထပ်ပေးပါတယ်။
ချာလီချက်ပလင် က အဲဒီ စာအုပ် ဖတ်ပြီးချိန်လောက်မှာ သွားမေးကြည့်တယ်တဲ့။

ဘယ်လိုလဲ ချာလီချက်ပလင် ၊ အခုစာအုပ်ဖတ်ပြီးတော့ ဆုံးဖြတ်ချက် ချလို့ရပီလား တဲ့။
ချာလီ ချက်ပလင် က အရင်အတိုင်းပဲပြန်ဖြေပါတယ် ၊
ဟင့် အင်း ၊ ကျွန်တော် မဆုံးဖြတ်ရသေးဘူးတဲ့၊

မိတ်ဆွေက တတိယအကြိမ် အဖြစ် သူ့ ကို ( ဆေးလိပ်သောက်ခြင်းနဲ့သေခြင်းတရား ) ဆိုတဲ့ စာအုပ် တစ်အုပ်ရှာလာပြီး လက်ဆောင် ထပ်ပေးပါတယ်။
ချာလီချက်ပလင် က အဲဒီ စာအုပ် ဖတ်ပြီးချိန်လောက်မှာ သွားမေးကြည့်တယ်တဲ့။
ကဲ ချာလီချက်ပလင် ၊ ဒီစာအုပ်ဖတ်ပြီးတော့ ဆုံးဖြတ်ချက် ချလို့ရပီလား တဲ့။
ချာလီ ချက်ပလင် က ပြန်ဖြေပါတယ် ၊
အင်း ၊ အခု တော့ ကျွန်တော် အပြီးအပိုင် ဆုံးဖြတ်လိုက်ပါပီ တဲ့။

မိတ်ဆွေကြီးလည်း တအား ဝမ်းသာအားရဖြစ်သွားပြီး
ဟာ ၊ ဟုတ်လား ချာလီရယ် ၊ အခုမှ ဟန်ကျလိုက်တာဗျာ ၊
ကျွန်တော်တို့ ဝမ်းသာရအောင် ၊ ဘယ်လိုများ ဆုံးဖြတ်ချက်ချ လိုက်တာလဲ ၊
ပြောပြပါဦး ဆိုတော့မှ ချာလီချက်ပလင် က သက်ပြင်းရှည်ကြီး ချလိုက်ရင်း
အင်း ၊ အခု ကျွန်တော်ဆုံးဖြတ်လိုက်တာ က
နောက်တခါ ၊ ခင်ဗျား ဘာစာအုပ် ကျွန်တော် ဖတ်ဘို့ ယူလာ ပေး ပေး
ကျွန်တော် က လုံးဝ နောက်ထပ် ဘာမှ ဖတ် မကြည့်တော့ဘို့ပါ တဲ့ဗျ ၊

## **"ပုစွန်ထုပ်"**

လူသားစား အရိုင်းတယောက် ၄င်း၏သားငယ် နှင့်အတူလမ်းလျှောက်နေသည်၊ ဤအချိန်တွင် ၄င်းတို့အပေါ်မှ လေယာဉ်တစင်းဖြတ်ပျံသွားသည်၊ သားငယ်က........
"ဒက်ဒီ...အဲဒါဘာလဲ"

"လေယာဉ်ပျံ၊ သူဟာ ပုစွန်ထုပ်လိုပဲ၊ အထဲမှာပါတာကိုစားလို့ ရတယ်'

## **မဟာ့မဟာ ပြဿနာ**

" ပီတာ မင်းအဖေက ဘယ်သူလဲ " ဆရာမက ပီတာလေးကို မေးသည်။
" ဟာ ဆရာမကလဲ လုပ်ပြီ.. ဒီကိစ္စနဲ့ပဲ အိမ်မှာ အဖေနဲ့ အမေ အမြဲရန်ဖြစ်နေကျဗျ...... "

**ဖုန်းဆက်တဲ့ မြင်း**

ဇနီးသည်က ကိုဘမောင်အား မေးသည်။
"ရှင့် ကုတ်အင်္ကျီ အိတ်ထောင်ထဲက မေရီဆိုတဲ့ နံပတ်တစ်ခုတွေ့တယ်.. အဲဒါ ဘာသဘောလဲ ပြောစမ်း.."
"ငါမြင်းပွဲမှာ လောင်းထားတဲ့ မြင်းနာမည်ပါကွာ.. မေရီဆိုတာက"

နောက်တစ်နေ့ နံနက် ကိုဘမောင် မနက်စာစားနေသည်။ ဇနီးသည်က ဘာမပြော ညာမပြောနှင့် ကိုဘမောင်ကို နောက်မှ လှမ်းရိုက်လိုက်သည်။

"ဟ.. ဘာလို့ရိုက်ရပြန်တာတုန်း.."
"မနေ့ညကလေ.. ရှင့် မေရီဆိုတဲ့ မြင်းမက ဖုန်းဆက်လာတယ်.."

အီဗန်တစ်ယောက် ဟိုင်းဝေးလမ်းမကြီးတစ်လျှောက် ကားမောင်း၍ အိမ်ပြန်လာစဥ် ဂျစ်ပစီမတစ်ယောက်ကိုလမ်းကြုံခေါ်တင်လာ ခဲ့သည်။
ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် အောက်ပါအချက်သုံးချက် ကိုဗေဒင်ဟော ပေးပြီး အလွန်မှန်သည်ဟုလည်း အာမခံလိုက်သည်။
၁။ထီပေါက်မယ်။
၂။ကားတစ်စီးလက်ဆောင်ရမယ်။
၃။သင့်ဇနီး အိမ်ဘေးက လူပျိုကြီး နီကိုလိုင် နဲ့ဖောက် ပြန်နေတယ်။
အီဗန်လည်းမယုံတစ်ဝက် ယုံတစ်ဝက် နဲ့အိမ်ကိုပြန်လာပြီး အိမ်ရောက် သော်.......
ဇနီး။ ။အီဗန် ရေ ရှင့်ကိုဝမ်းသာစရာပြောရဦးမယ်။ရှင်ထီပေါက်တယ်။
အီဗန်။ ။ဟုတ်လား။
ဇနီး။ ။ကားတစ်စီးလည်း လက်ဆောင် ရထားသေးတယ်။
အီဗန်အလွန်စိတ်ညစ်သွားသည်။ဒီအတိုင်းဆိုရင်တော့ နံပါတ်သုံးအချက်လည်း မှန်မှာပဲလို့တွေးမိ ပြီးမျက်နှာ မသာမယာဖြစ်သွားသည်။
ဇနီး။ ။ရှင်ဘာတွေဖြစ်နေတာလည်း။ဒီလောက်ပျော်စရာကောင်းတာကို။
အီဗန်။ ။အရမ်းမှန် တဲ့ဗေဒင်ဆရာနဲ့တွေ့ခဲ့လို့။
ဇနီး။ ။ကျွန်မကတော့ ဗေဒင်ဆိုမယုံပေါင်။
အီဗန်။ ။ငါ့ကိုထီပေါက်မယ်ပြောတာ ခုတကယ်ပေါက်နေပြီ။
ဇနီး။ ။ဒီတစ်ချက်တည်းနဲ့ ဘယ်ပြောလို့ရမလဲ။
အီဗန်။ ။ကားလက်ဆောင်ရမယ် လဲပြောတယ်ကွ။
ဇနီး။ ။ကျွန်မကတော့သိပ်မယုံသေးဘူး ။တိုက်ဆိုင်တာလည်းဖြစ်နိုင် တာပဲလေ။
အီဗန်။ ။နောက်ဆုံးအချက် ပြောသေးတယ်။
ဇနီး။ ။ဘာလဲ။

အီဗန်။ ။အိမ်ဘေးကလူပျိုကြီးနီကိုလိုင်ရဲ့ ဟာကသေးသေးလေးတဲ့။
ဇနီး။ ။ဟားဟား ကျွန်မ မပြောလား။ဗေဒင်ဆရာဆိုတာ
မယုံရပါဘူးလို့။ဒီတစ်ချက်တော့ ဗေဒင်ဆရာမှားသွားပြီရှင့်။
အီဗန်။ ။

## “ ပုစွန်ဆိတ်လေးဘယ်လိုငယ်”

သားဖွားနှင့်မီးယပ်ရောဂါကုဆရာဝန်ထံ ၁၆ နှစ်အရွယ်အမျိုးသမီးငယ် ရောက်လာပြီးဆေးစစ်ခံသည်၊ ခဏကြာသော် အမျိုးသမီးငယ်တွင်ကိုယ်ဝန် ရှိနေပြီဟု ဆရာဝန်ကပြောသည်၊ ကောင်မလေးက ဝမ်းနည်းပက်လက်ငိုပြီး ..“အဟင့်၊အဟင့်..ဒီလိုဖြစ်မယ်မှန်းသိရင်အဲဒီနေ့ကအိမ်မှာမနေခဲ့ပါဘူး၊ ဖေ
ဖေ၊မေမေ
တို့နဲ့အတူရုပ်ရှင် လိုက်သွားပါရဲ့”

...“လိုက်သွားဖို့ကောင်းတာပေါ့၊ ဒါနဲ့ဘာဖြစ်လို့လိုက်မသွားတာလဲ”

...“ဖေဖေပေါ့၊ သူတို့သွားကြည့်တဲ့ ရုပ်ရှင်က ၁၈ နှစ်အောက်မကြည့်ရ တဲ့ရုပ်ရှင်တဲ့”

လေးလသားကလေးငယ်ကိုပိုက်လျက်အမျိုးသမီးတယောက်ဆရာဝန်ထံ ရောက်လာသည်။အမျိုးသမီးနှင့်ကလေးငယ်ကိုနေရာပေးပြီးဆရာဝန်က မေးသည်..
"ဘာအကူအညီပေးရမလဲခမျာ"

"ကလေး နဲ့ ပတ်သက်လို့ပါဒေါက်တာ၊ သူ့ကိုကြည့်ပါအုံး၊ မပိန်လွန်း ဘူးလား၊ကိုယ်အလေးချိန်လဲ မတက်ဘူး"

"သူ့ကိုနို့မှုန့်တိုက်သလား၊ အမေနို့တိုက်သလား"
"အမေနို့ပါ"
"ဒါဆို ခင်ဗျား အင်္ကျီချွတ်လိုက်ပါ"
"ရှင်..၊ဒေါက်တာကျွန်မ..."
"ခင်ဗျားဆရာဝန်ရှေ့ရောက်နေတာပါ၊ဘာမှရှက်စရာမလိုပါဘူး၊ဘရာစီယာ ကိုချွတ်လိုက်ပါ"
"ဒေါက်တာ ကျွန်မပြောပါရစေအုံး"
အမျိုးသမီးဆက်လက်ငြင်းဆိုခြင်းမပြုနိုင်အောင် ဆရာဝန်က ကိုယ်တိုင် အင်္ကျီ နှင့်ဘရာစီယာကိုချွတ်လိုက်သည်၊ထို့နောက် အမျိုးသမီး၏ ရင်သားနှစ်ဖက် ကိုလက်ဖြင့်ဆုပ်နယ်သည်၊အတန်ကြာမှ ခေါင်းကိုမော့ လိုက်ပြီး အမျိုးသမီးကိုပြောသည်..
"အင်း..၊ ခင်ဗျားနို့မှ မထွက်ပဲ"
"ဘယ်ထွက်မလဲရှင့်၊ ကျမသူ့အမေမှ မဟုတ်တာ"



ကိုဘမောင်တစ်ယောက် ကွယ်လွန်ပြီးတော့ ငရဲသို့ ရောက်သွားသည်။ ဘယ်နေရာကြည့်ကြည့် ဆီပူအိုးထဲ အကြော်ခံနေရသော ငရဲသားများကို တွေ့ရသည်.. သို့သော် တစ်နေရာအရောက် မမျှော်လင့်ဘဲ နာမည်ကြီး မော်ဒယ်မလေးအား မိမိတို့မြို့မှ မကောင်းသတင်းဖြင့် နာမည်ကြီးသော စီးပွားရေးလုပ်ငန်းရှင်တစ်ဦးနှင့် တစ်ယောက်ကိုတစ်ယောက်ဖက်ပြီး လမ်းလျှောက်သွားသည်ကို တွေ့လိုက်ရသည်။ ကိုဘမောင် မကျေမနပ်ဖြစ်ပြီး "ယမမင်းကြီး။ ဒါတော့ ဘယ်တရားမလဲဗျ။ ကျွန်တော်ကျတော့ ကမ္ဘာတစ်ဆုံး အကြော်ခံရမယ်။ ဟိုလူကြီးကျတော့ ငြိမ့်လို့..."
ယမမင်းက ကိုဘမောင်အား ခက်ရင်းခွဖြင့် ဆောင့်ထိုးရင်း..
"ဟေ့.. ဘာဆောဒက တက်နေတာလဲ၊ မင်းအပြစ်မင်းခံ။ ဟိုမော်ဒယ်မက သူ့အပြစ် သူခံလိမ့်မယ်"

အဖေ။ ဟဲလို ...... သမီးလား
သမီး။ ဟုတ်ကဲ့
အဖေ။ သမီးမေမေကော
သမီး။ ဦးလေးနဲ့ အိမ်ပေါ်တက်သွားတယ်။
အဖေ။ အဲဒါဆိုသွားကြည့်စမ်း။

အတန်ငယ်ကြာသော်..............

သမီး။ အဖေ မေမေနဲ့ဦးလေးတို့နမ်းနေကြတယ်။
အဖေ။ ဟေ........ဒါဆို မေမေ့ကိုအော်ပြောလိုက်စမ်း၊ ဖေဖေအိမ်ရှေ့ရောက်နေပြီလို့။
သမီး။ ဟုတ်ကဲ့။
မေမေရေ၊ ဖေဖေပြန်လာတယ်။ အောက်ဆင်းခဲ့ပါဦး။
ဝုန်း

အဖေ။ ဘာသံကြီးလဲ
သမီး။ ဦးလေးဘာဖြစ်လည်းမသိပါဘူးဖေဖေ။ အိမ်ပေါ်ကခုန်ချတာ
ရေကူးကန်ထဲကြသွားတယ်
ဒါပေမယ့် ဖေဖေပဲ မနက်က ရေတွေအကုန်ထုတ်ခဲ့တာလေ။ သူကံဆိုးတာပဲ
အဖေ။ ဟင်.........ရေကူးကန်ဟုတ်လား
ဖုန်းနံပါတ် ၃၂၃၄၂၃ မဟုတ်ဘူးလား
သမီး။ မဟုတ်ဘူး 
အဖေ။ အဲဒါဆို ဖုန်းမှားသွားလို့နော်

**တစ်ယောက်မှမရှိပါ...**

ကိုချူချာ သည် လူဆိုးများလက်မှ လွတ်အောင်ပြေးရင်း
ရေတွင်းထဲဆင်းပုန်းသည်။လူဆိုးခေါင်းဆောင် က ရေတွင်းထဲငုံ့ကြည့်ပြီး
အော်သည်။
"တစ်ယောက်ယောက် ရှိသလားဟေ့"
"ကိုချူချာက ပဲ့တင်သံပုံစံပြန်အော်သည်။"
"တစ်ယောက်ယောက် ရှိသလားဟေ့ ၊တစ်ယောက်ယောက် ရှိသလားဟေ့"
"တစ်ယောက်မှ မရှိဘူး ထင်တယ်"

"တစ်ယောက်မှ မရှိဘူး ထင်တယ်..၊ တစ်ယောက်မှ မရှိဘူး ထင်တယ်.."
" ဖုံးတစ်လုံး ပစ်ချလိုက်ရင် ကောင်းမလား၊"
"မပစ်နဲ့ ၊မပစ်နဲ့ ၊ တစ်ယောက်မှ မရှိတာဘဲ"

**ခါးကုန်းကြီး...**

ခါးကုန်းနေသော အခြေအနေမဲ့ လူတစ်ယောက် ညနက်အချိန်တွင် သင်္ချိုင်းကို ဖြတ်လျှောက်လာသည်။ ရုတ်တရက် ဘယ်ကမှန်း မသိ မေးသံကြားရသည် ။
"ဟေ့ ၊မင်း ခါးကုန်းနေသလား ၊"
"ဟုတ် ၊ဟုတ်ပါတယ်"
"အေး ၊အခုအချိန်ကစပြီး မင်း ခါးကုန်း မဟုတ်တော့ဘူး"
"ဟင် ၊ဟယ်"
တစ်ကယ်ပဲ ခါးမကုန်း တော့ ၊ ဤအကြောင်းကို နောက်တစ်နေ့တွင် မိတ်ဆွေဖြစ်သူ ကိုထော့နဲ့ ကို ဝမ်းသာအားရ ပြောပြသည်။ ခြေထောက် မသန်တာကို ပျောက်ချင်ရင် သချိုင်းဘက် သွားကြည့်ပါလားဟုလည်း အကြံပေးလိုက်သည်။
ခြေမသန်သူ ညနက်အချိန်တွင် သချိုင်းကို ဖြတ်လျှောက်သည်..။ မမျှော်လင့်သော အသံကို ကြားရသည် ။
"ဟေ့ ၊ မင်း ခါးကုန်းလား ၊"
"မဟုတ် ၊ မဟုတ်ပါဘူး၊ ခြေတစ်ဘက် မသန်တဲ့လူပါ.."
"ဘယ်ကလာ ခြေ မသန်ရမှာလဲ ၊ မင်းဟာ ခါးကုန်းကွ ၊ ခါးကုန်း"

**ဝေဖန်ရေးသမား....**

ကြက်ဖသည် ငှက်ကုလားအုပ်၏ ဥတစ်လုံးကို ကြက်ခြံထဲ ယူသွင်းလာပြီး ကြက်မများကို ပြောသည်။
"မင်းတို့ကို ငါ မဝေဖန်ချင်ပါဘူး။ဒါပေမယ့် သူများတွေဘယ်လို အလုပ်လုပ်တယ်ဆိုတာတော့ ကြည့်ထားကြ...."

**မေ့ရန်ကော....**

ကိုးတပ်တိုက်ခန်းတံခါးကို အပြင်မှဖွင့်သံကြားသဖြင့် မိန်းမက လင်ငယ်ကို ကြောက်လန့်တကြားပြောသည်။

" ယောက်ျား ပြန်လာပြီ ၊ဝရန်တာမှာသွားပုန်းချေ ၊မြန်မြန်သွားပါရှင့်"

လင်ငယ်ကသောကမျောပြေးသည်။

ယောက်ျား အခန်းထဲ ဝင်လာသည်။ ချက်ချင်း မိန်းမကို မေးသည် ။

" ဘယ်မှာလဲ နင့်လင်ငယ်"

ကတုန်ကရင်နဲ့ မိန်းမက ဖြေသည်။

" ဝရန်တာ၊ ဝရန်တာ မှာ"

" ကောင်မ ၊ငါ့တို့တိုက်ခန်း မှာ ဝရန်တာမရှိဘူး ဆိုတာ မင်းကို ဘယ်နှစ်ခါပြောရမလဲကွ ဟေ..."

**ငြင်းပါ...**

" ဒေါက်တာ ၊ ကိုယ်ဝန်မရှိအောင် ဘာလုပ်ရမလဲ ဟင်"

" ဟင့်အင်း လို့ ပြော"

**မျက်စိဆရာဝန်.......**

အခန်းထဲဝင်လာသော အမျိုးသမီးကို ဆရာဝန်က ပြောသည်။

"အဝတ်အစား ချွတ်လိုက်ပါ"

"ဒေါက်တာ ၊ ကျွန်မ နားကိုက်တာ လာပြတာပါ"

"အဲဒါဆို နား၊ နှာခေါင်းနဲ့ လည်ချောင်း ဆရာဝန်ဆီ သွားပါ"

" ရှင်က ဘယ်သူလဲ ၊"

"မျက်စိဆရာဝန်"

**ဖြစ်တတ်ပါတယ်..**

ညအချိန်တွင်ဖြစ်သည် ။
ထောက်လှမ်းရေးတာဝန်ဖြင့် တပ်သားနှစ်ယောက် တစ်ဖက်ရန်သူ စခန်းရှိရာသို့ ဝမ်းလျားမှောက်ပြီး တဖြည်းဖြည်းချင်း ချဉ်းကပ်လာသည် ။ရုတ်တရက် တစ်ယောက်က ပြောသည် ။
" ထွီ ၊ ငါ့လက်နှစ်ဘက်စလုံး ချွေးချေးပုံကို တက်ဖိမိတယ် ၊ ဒုက္ခပါပဲ"
ကျန်တစ်ယောက်က ဟက်ဟက်ပက် ရယ်သည် ။ ဒုက္ခတွေ့သူ က ၄င်းကို ဟန့်သည် ။
" ရှူး......၊ တိုးတိုး"
ဤသို့ပြောပြီး အဖော်ဖြစ်သူ၏ ပါးစပ်ကို လက်နှင့် လှမ်းပိတ်လိုက်သည် ။

**အကြံ...**

"မင်းပြောတဲ့ ဟာသကို ငါ့မိန်းမကို ပြန်ပြောပြတယ် ။ စိတ်ဆိုးပြီး ငါ့ကို စကားမပြောတာ ဆယ်ရက်ရှိသွားပြီ ။ ဘာလုပ်ရမလဲ ၊"
" ယောက္ခမကို တပ်ပြောလိုက်"
..................................................

**ဒါမှမဟုတ်....................**

အမျိုးသမီးတစ်ဦး ဆရာဝန်မထံ ရောက်လာပြီး ပြောသည် ။
" ဒေါက်တာ ၊ကျွန်မ ယောကျ်ားဟာ သူ့ရဲ့ ယောကျ်ားတာဝန်ကို ကျွန်မ ကျေနပ်အောင် မဖြည့်ဆည်းနိုင်ဘူးရှင့်"

ဆရာဝန်မက အမျိုးသမီး ပို ကြည့်ရှုစစ်ဆေးသည် ။
"ရှင့်ဆီမှာ ကျွန်မ ဘာချို့ယွင်းချက်မှ မတွေ့ဘူး ။ ယောကျ်ားကို ခေါ်လာခဲ့ပါ"
ယောကျ်ား ရောက်လာသည် ။ ၄င်းကို ဆရာဝန်မ စစ်ဆေးသည် ။ထို့နောက် မေးနေကျပုံစံမျိုးဖြင့် မေးသည် ။
"တစ်နေ့တစ်နေ့ အချိန်ဘယ်လို ကုန်တယ်ဆိုတာ ပြောပြစမ်းပါ"
"မနက် ရုံးကို သွားတယ် ။ လမ်းမှာ အသိအမျိုးသမီးတစ်ယောက်က သူ့ကားကို

ရပ်ပြီး ၊ ရှင် ရုံးသွားမှာလား ၊ ဒါမှမဟုတ်.. ဆိုပြီး အခိပ္ပါယ်ပါပါ မေးတယ် ။ ကျွန်တော် ဒါမှမဟုတ် ကိုရွေးလိုက်တယ် ။ ရုံးရောက်တော့ အတွင်းရေးမှူးမက ကြိုနေပြီး အကိုကြီး ...အလုပ်လုပ်မှာလား ၊..... ဒါမှမဟုတ်.... ဆိုပြီးပြောပြန်ရော ။ ကျွန်တော် ဒါမှမဟုတ် ကိုရွေးလိုက်တယ် ။ ညနေကျတော့ ကျွန်တော် အိမ်ကို ပြန်လာတယ် ။ကိုယ့်အိပ်ခန်းကို မဝင်ခင်မှာ ဘေးခန်းက အမျိုးသမီး ထွက်လာပြီး ဘယ့်နှယ်လဲ... အိမ်ကို တမ်းဝင်မှာလား ၊... ဒါမှမဟုတ်... လို့မေးတယ် ။ ဒါမှမဟုတ် ကိုပဲ ကျွန်တော်ရွေးလိုက်တယ် ။ ......ကိုယ့်အိပ်ခန်းထဲ ရောက်တော့ မိန်းမက ရှင်အိပ်မှာလား ၊.....ဒါမှမဟုတ် ဆိုပြီး ကျွန်တော့်အဖြေ ကို စောင့်တယ် ။ ဒီတစ်ခါမှာတော့ ကျွန်တော် ထိုးအိပ်လိုက်တော့တယ် ။"

အမျိုးသမီး ဆရာဝန်က ချက်ချင်း မေးခွန်းထုတ်သည် ။

"ကိုင်း ၊ ရှင် ကုမှာလား..၊.. ဒါမှမဟုတ်......."

**စိတ်ကောင်းရှိသူ...**

နေရာတကာ စွာကျယ်စွာကျယ် ဝင်လုပ်နေသည့် ယောက္ခမကို ကိုဘမောင် သည်းမခံနိုင်တော့သည်နှင့် တစ်နေ့တွင် ယောက္ခမ၏ ခြေထောက်နှစ်ဘက်ကို ဆွဲကိုင်ကာ ကိုးထပ်တိုက်ခန်း ပြတင်းပေါက်၏ အပြင်ဘက်သို့ ထုတ်လိုက်သည် ။ ခေါင်းအောက်စိုက် ဖြစ်နေသော ယောက္ခမနှင့် ကိုဘမောင် အကြား စကားပြောခန်း မှာ ဤသို့ဖြစ်သည် ။

"တစ်အိမ်ကျော်က ကိုမြ သူ့ယောက္ခမကို ဘာလုပ် လိုက်တယ်ဆိုတာ သိလား..၊"

ယောက္ခမဖြစ်သူ တုန်တုန်ရင်ရင်ဖြင့် ပြန်ဖြေသည် ။

"ဟင့်အင်း"

"ယောက္ခမကို ကိုမြ ပေါက်ဆိန်နဲ့ခုတ်သတ်လိုက်တယ်ဗျ..၊ အောက်ထပ်က ကိုရွှေဂဲ ကျတော့ သူ့ယောက္ခမကို ဘယ်လို လုပ်လိုက်သလဲ သိလား..၊"

"ဟင့်အင်း"

"သူ့ယောက္ခမ ကို ရေနစ် သတ်ပစ်လိုက်တယ် ။ အဲ....ကျွန်တော်ကတော့ စိတ်ကောင်းရှိတဲ့လူ ။ ဒါကြောင့် အန်တီကို ကျွန်တော် လွှတ်ပေးလိုက်မယ် ။ ကိုင်း...သွားပေတော့.."

**လောက်မယ်မထင်ဘူး...**

ဂျော်ဂျီယာသားတစ်ယောက် ဆေးဆိုင်သို့ရောက်လာသည်။

'ကျွန်တော့်ကို ကွန်ဒုံး(ယောကျ်ားသုံး ပစ္စည်း ) အခုတစ်ရာ ပေးဗျာ'

ဤစကားကို ကြားရသော အနားမှ အမျိုးသမီးငယ်နှစ်ယောက် 'ခစ်ခစ်' မြည်အောင်ရယ်သည်။ ဂျော်ဂျီယာသား အမျိုးသမီးများဘက် လှည့်ကြည့်လိုက်ပြီး စျေးရောင်းသူကို ဆက်ပြောသည်။

'နောက်ထပ် နှစ်ခုပေးဦး.........

**မြင်းကုလားအုတ်**

ယုန် နှင့် ဝက်ဝံတို့ ထောင်ထဲတွင် ထိုင်နေကြသည် ။ မကြာမီ ၄င်းတို့၏ အခန်းပွင့်လာပြီး အခန်းတွင်းသို့ ကလားအုပ်တစ်ကောင်ကို ဆွဲသွင်းလာသည် ။
ကုလားအုပ် ကို ကြည့်ပြီး
ယုန်က ဝက်ဝံကို ပြောသည်။
"မင်းပြောတော့ ဒီမှာရိုက်နှက် ညှဉ်းပမ်းတာတွေ မရှိဘူးဆို ၊အခုကြည့်စမ်း၊ မြင်းကို သူတို့ ရုပ်ပျက်ဆင်းပျက် ဖြစ်အောင် လုပ်လိုက်ကြပြီ"

**ခွေးစကား**

တယ်လီဖုန်းသံ မြည်လာသည် ၊ ခွေးမှလွဲ၍ အိမ်ထဲတွင်မည်သူမှမရှိချေ...၊ တယ်လီဖုန်းကို ခွေး ကောက်ကိုင်လိုက်သည် ။
'ဝုတ်'
'အခုစကားပြောနေတာ ဘယ်သူလဲ'
'ဝုတ် '
'စကား ကို သဲသဲကွဲကွဲ ပြောစမ်းပါ'
'သေသေချာချာ နားထောင် ၊ ဝတစ်ချောင်းငင် တသတ် ဝုတ်၊ ဝုတ် ဝုတ်'

**ဘုံပစ္စည်း**

ညားခါစလင်မယားနှစ်ယောက် စကားများနေကြသည်။
”အတ္တဆန်တဲ့ရှင့်ရဲ့အမူအကျင့်တွေကို စွန့်ပစ်ပါ ၊တစ်ခါလာလည်း ငါ့အိမ် ၊
ငါ့မိန်းမ ၊ ငါ့လစာ နဲ့ငါယ ငါ ယ ငါချည်းပဲမွှန်နေတယ် ၊ကျွန်မ
အိမ်ကိုစရောက်ပြီး ရှင့်မိန်းမ ဖြစ်လာကတည်းက ဒငါပိုင်ဒဆိုတာ မရှိတော့ဘူး ၊
ဒတို့ပိုင်ဒ ပဲရှိတော့တယ် ၊ နားလည်လား၊ ၊ ဒါနဲ့ ကျွန်မရဲ့ ဗီရိုမှာ ရှင်
ဘာရှာနေတာလဲ...”
”တို့ရဲ့ မုတ်ဆိတ်ရိတ်ဓါး”

**အလိမ်မိသူ**

အမျိုးသမီးငယ်တစ်ဦး ဒေါ်လာ ၁၀၀ တန်တစ်ရွက်ကို ဘဏ်သို့ ယူလာကာ မိမိ၏
ငွေစာရင်းထဲ ထည့်ပေးရန် ဘဏ်စာရေးအား ပြောသည်။
” ဒီငွေစက္ကူကို ကျွန်တော် လက်မခံနိုင်ပါဘူး ၊ ငွေစက္ကူ အတုဖြစ်နေလို့ပါ”
” ဒုက္ခပါပဲ ၊ ဒီလိုဆိုရင် ကျွန်မကို မုဒိမ်းကျင့်လိုက်တာပါလား...”

**ဒါတော့ခွင့်ပြုတယ်**

အပျိုချောတစ်ဦး မြစ်ထဲ ရေဆင်းကူးရန်ပြင်နေသည်ကို ငါးမျှားသူက
တစ်နေရာမှနေ၍ စောင့်ကြည့်နေသည် ။ အဝတ်အစားချွတ်ပြီး
ရေထဲဆင်းတော့မည့် ဆဲဆဲတွင် ငါးမျှားသူက အမျိုးသမီးကို အော်ပြောသည် ။
” ဒီမှာရေမကူးရဘူးဗျ”
”ဟုတ်လား ၊ ဒါဖြင့်ရင် ကျွန်မအဝတ်အစား မချွတ်ခင် ဘာဖြစ်လို့
သတိမပေးတာလဲ”
”အဝတ်အစား ချွတ်တာကိုတားမြစ်ထားတာမှမဟုတ်ဘဲ”

**မှန်းကြည့်ရင် သိနိုင်တယ်**

စိတ္တဇဆေးရုံမှ လူနာက မိမိဆွဲထားသောပုံကို ဆရာဝန်အား ပြသည်။
”နွားစားကျက်မှာ နွားမတစ်ကောင် မြက်တွေကို နှစ်နှစ်ခြိုက်ခြိုက် စားနေတယ် ၊ တွေ့တယ်မဟုတ်လား”
” မြက်တွေကို မတွေ့ပါလား”
”ဘယ်တွေ့မလဲ ၊ နွားစားလိုက်ပြီလေ”
”နွားကိုလဲ မတွေ့ပါလား”
”နွားထွက်သွားပြီလေ ၊ မြက်တစ်ပင်မှ မကျန်တော့တဲ့နေရာမှာသူ ဘာဆက်လုပ်ရမှာလဲ”

**ရှာလိုက်ရတာ**

လူတစ်ယောက်လမ်းလျှောက်လာသည်။ ရေအိုင်တစ်ခုတွင် အရက်သမားတစ်ယောက် ဟိုစမ်းသည်စမ်း လုပ်နေသည် ကို တွေ့သည်နှင့် မေးသည်။
“ဟေ့လူ ၊ ခင်ဗျား ဘာလုပ်နေတာလဲ”
”ရှာနေတာဗျ”
“အတူတူရှာကြရအောင်”

“အတူတူရှာ ကြသည် ။ ခဏကြာသော် ဖိုးသမားက ဝမ်းသာအားရပြောသည် ။”
“တွေ့ပြီ”
“ဘာတွေ့တာလဲ”
“မြစ်ကမ်းကိုရှာတွေ့ပြီ”

**မတရားဘူး ...**

မိမိအိမ်သို့လာခိုးသော သူခိုးကို အိမ်ရှင်က လက်ပူးလက်ကြပ်မိသည် ။
“ ဟေ့ကောင် ၊ မင်းလက်ထဲ ၊ အိတ်ထဲက ရှိသမျှ အကုန်ပြန်ထုတ်”

“ဒါတော့မတရားဘူးဗျာ ၊ ပစ္စည်းထက်ဝက်ကျော်ကို တခြားအိမ်တွေက ကျွန်တော်ခိုးခဲ့တာပါ ခင်ဗျ”

**မရှိတဲ့အခါဘယ်နှစ်ခါလာသလဲ ....ပြောစမ်း**

ယောက်ျားက မိန်မကို ပြောသည်။
“ မိန်းမရေ....မင်းကို ငါ တစ်ခုတောင်းပန်ချင်တယ် ၊ ဂျက်ဆိုတဲ့ ငနဲကို နောက် တို့အိမ်ကို မဖိတ်ပါနဲ့ ၊ ငါ သူ့ကို ကြည့်လို့ မရဘူး”
“ ရှင်ကလဲ ၊ ရှင်ရှိတုန်း သူ တစ်ခါတစ်လေမှ လာတာပါတော်”

**တကယ် မကြားရဘူး..**

ကျောင်းဆရာက စာသင်သားတို့ကို မေးသည်။
“ရှစ်ကို ရှစ်နဲ့ မြှောက်ရင် ဘယ်လောက်ရမလဲ ၊ ပီတာ... မင်းဖြေစမ်း”
“ကျွန်တော်မကြားရဘူး ဆရာ”

ဆရာသည် ပီတာ အနားကပ်လာကာ မေးခွန်းကို ထပ်မေးသည် ။
“မကြားရပါဘူး ဆရာ”
“မင်းငါ့ကို မလိမ်နဲ့ ၊ ကြားယ မကြား သိရအောင် မင်းနဲ့ ငါနဲ့ နေရာချင်း လဲကြမယ်”

ပီတာသည် ဆရာထိုင်သည့် စားပွဲသို့ လျှောက်သွားကာ မေးသည်။
“ဆရာခင်ဗျား ၊ ကျွန်တော့်အမေဆီ အချိန်မတော် လာနေတာကို ဘယ်တော့ ရပ်တန်းက ရပ်မလဲ”
“ဟုတ်တယ်ဟေ့ ၊ တကယ်ပဲ ဘာမှ မကြားရပါလား”

## ခုတ်တယ် ၊ ထစ်တယ်

ဆေးရုံတွင်ဖြစ်သည်။ လူနာများအခန်းသို့ ခွဲစိတ်ဆရာဝန်နှင့် သူ၏လက်ထောက်တို့ ပုဆိန်တစ်လက် ကိုင်လျက်ဝင်လာသည်။ ဆရာဝန်က စာရွက်ကိုဖြန့်ကာ ဖတ်သည်။
' ပီထရော့ ၊ ညာခြေထောက်ကို ဖြတ်ရမယ် '
' ဒုတ် '
' နီကိုလိုင် ၊ ဘယ်ခြေထောက်ကို ဖြတ်ရမယ်'
'ဒုတ် '
' နီကိုလိုင် ၊ ညာလက်ကို ဖြတ်ရမယ်'
'ဒုတ်'
' လက်လို့ ကျုပ်ပြောတယ်'
'ဒုတ်'
'ညာလက်လို့ ကျုပ်ပြောတယ်'
'ဒုတ်'

## ကလေးကြီးလည်း လိုတာကိုး

"ကလေးတွေရဲ့ စဉ်းစားဉာဏ် အားကောင်းလာစေတဲ့ ဗိုက်တာမင်ဆေး ရှိပါသလားရှင်"
"ရှိပါတယ်၊ ကလေးရဲ့အသက်က ဘယ်လောက်ပါလဲ"
"၁၀ နှစ်။ ၁၂ နှစ်နဲ့ ၄၅ နှစ်"

## နားမထိုင်းဘူး

"ဒေါက်တာ၊ ကျွန်တော် နာဆားနေတယ်ခင်ဗျာ။"
"ဒီလောက်အော်ပြောစရာ မလိုဘူး၊ ကျွန်တော်နားမပင်းဘူး၊ နားလည်းလား၊ ကိုင်း... ကိုက်တဲ့သွား ဘယ်သွားလဲ ပြော။"

**ခွဲစိတ်ပါရဂူ**
"ဆရာကြီးခင်ဗျာ၊ ခွဲစိတ်ဖို့အတွက် အစစ အဆင်သင့်ဖြစ်ပါပြီး၊ ဒါပေမယ့် လူနာ ရောက်မလားသေးဘူး"
"ကိစ္စမရှိဘူး၊ သူမပါဘဲနဲ့ အရင်စနှင့်တာပေါ့။"

**ပိန်နည်း**

အလွန်ဝသော အမျိုးသမီးလူနာက ဆရာဝန်ကို ပြောသည်။
"ဒေါက်တာ၊ ပိန်ဖို့အတွက် ဘာလေ့ကျင့်ခန်းလုပ်ရင် ကောင်းမလဲဟင်"
"ခေါင်းကို ဘယ်စောင်းလိုက်၊ ညာစောင်းလိုက် လုပ်ပေးပါ"
"တစ်နေ့ ဘယ်နှစ်ကြိမ်လုပ်ရမလဲ"
"ခင်ဗျားကို အစာစားဖို့ ဖိတ်ခေါ်တဲ့အခါတိုင်း"

**လေ့ကျင့်မှု**

"ဒီနေ့ ခင်ဗျားရဲ့ ချောင်းဆိုးသံကို မနေ့ကထက် ပိုကြိုက်တယ်"
"မကြိုက်ခံနိုင်ရိုးလား ဒေါက်တာရယ်၊ ကျွန်တော်တစ်ညလုံး လေ့ကျင့်ထားတာကလား"

**ကူညီချင်ပါတယ်**

ယောက်ျားကြီးတစ်ယောက် အများသုံးအိမ်သာထဲ ထိုင်နေသည်။ကိစ္စပြီးသွားသောအခါ အိပ်ထောင်ထဲ စက္ကူရှာသည်။ ဘယ်မှာမှ မတွေ့ချေ။ သို့နှင့် ဘေးခန်းကိုတံခန်းခေါက်ပြီး မေးသည်။
"ခင်ဗျားဆီမှာ စက္ကူအပို မပါဘူးလားခင်ဗျာ"
"မပါဘူး၊ အဲ လိုချင်ရင်တော့ ခဲတံပေးနိုင်တယ်၊ ယူမလားဟင်"

**နမြောစရာကြီး**

ဆီးစစ်ရန် လိုသဖြင့် ဆေးရုံဓာတ်ခွဲခန်းသို့ ဦးကပ်စေး ဆီးယူလာသည်။
ဓာတ်ခွဲခန်းဝန်ထမ်း အမျိုးသမီးက ပြောသည်။
“ဂါလံပုံးအပြည့် ဘာဖြစ်လို့ယူလာရတာလဲ”
“ကပ်စေးနဲ့တယ် အပြောခံရမှာစိုးလို့ပါ”
နောက်တစ်နေ့
“ရှင် ဘာဖြစ်လို့ ဆီးပုံးကို ပြန်ယူရတာလဲ”
“ဩော် ဆီးထဲမှာ သကြားဓာတ်တွေ့တယ်လို့ ခင်ဗျားပဲပြောတယ်မဟုတ်လား၊
ဒီလောက်များတဲ့သကြား လွှင့်ပစ်ရမှာ နမြောစရာကြီး”

**လျှော့မပြောနဲ့**

လူနာအမျိုးသမီးကြီးကို စမ်းသပ် စစ်ဆေးပြီးနောက် ဆရာဝန်ကပြောသည်။
“အင်း.... ခေါင်းက နောက်နေတယ်၊ အစာအိမ်လည်း သိပ်မကောင်းဘူး၊ ဒီကြားထဲ
ခင်ဗျားရဲ့ သွေးတိုးနှုန်းက အတော်လေး မြင့်နေပြန်တယ်၊ ဒါနဲ့ ခင်ဗျား
အသက်ဘယ်လောက်ရှိပြီလဲ”
အမျိုးသမီးကြီးက မပွင့်တပွင့် ဖြေသည်။
“၂၈–နှစ် ပါ”
“ဩော်  မှတ်ဉာဏ်လည်း မကောင်းဘူးကိုး”

**ဂီတစာဆို**

နာမည်ကြီးဂီတစာဆိုကို သတင်းထောက်က မေးသည်။
“ဆရာ၊ ဆရာ ဘယ်တုန်းက သီချင်းစရေးပါသလဲ ခင်ဗျာ။”
“ကျွန်တော့ဇနီး ခြောက်ယောက်မြောက် ကလေးမွေးတဲ့အခါမှာ
ကျွန်တော့ရဲ့ဖန်တီးနိုင်မှုစွမ်းအားကို တခြားနေရာမှာ အသုံးချရတော့မယ်လို့
နားလည်လိုက်ကတည်းကပဲဗျာ။”